# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၃၂၁)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လှပဖွံ့ဖြိုးစည်ပင် စစ်ကိုင်းတိုင်းမှ မြို့ဘုတလင်

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်၌ စီးပွားဖြစ် စိုက်ပျိုးထားသော ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

| | | |
|---|---|---|
| သတင်းခရီးသည် | - | ကျော်မောင်မောင် |
| ဓာတ်ပုံမှတ်တမ်း | - | တင်စိုး(မြန်မာ့အလင်း) |
| စာမျက်နှာဖွဲ့စည်းမှု | - | မိုးမိုးအောင်(မြန်မာ့အလင်း) |

ဘုတလင် ဩဂုတ် ၂၁ (ဖက်စ်)

မုံရွာမြို့မှနေ၍ ဘုတလင်မြို့သို့ မြန်မာ့အလင်းသတင်းအဖွဲ့ ခရီးဆက်ခဲ့ရာ ဘုတလင်မြို့အဝင်ရှိ **"လှိုက်လှဲစွာ ကြိုဆိုပါ၏ ဘုတလင်မြို့"** မုခ်ဦးအလွန်တွင် ငပယင်းရွာ၌ မွေးဖွားသော စစ်သူကြီးမဟာဗန္ဓုလ၏ မြင်းစီးရုပ်တုက ခံ့ညားစွာ ဇာတိသွေးဇာတိမာန်အပြည့်ဖြင့် ဘုတလင်မြို့နယ်၏ဂုဏ်ကို လှစ်ဟဖော်ပြနေသည်ကို တွေ့ရသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ■

ဘုတလင်မြို့နယ် အုတ်ဖိုရွာနှင့် ငပယင်းရွာ ကျေးရွာချင်းဆက်လမ်း၏ ငပယင်းစံပြရွာ ရွာအဝင်မြင်ကွင်း....။
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

**မြန်မာ့အလင်း | ဆောင်းပါးအညွှန်း**

**ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်မရှိဘဲ အာဏာလွှဲပေးပါက နိုင်ငံတော်တွင် ထိန်းမနိုင်သိမ်းမနိုင် အခြေအနေများ ပေါ်ပေါက်လာနိုင်ပါသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပြီး ပြည်ထောင်စုကြီးပါ ပြိုကွဲသွားနိုင်ပါသည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးသည် မြန်မာနိုင်ငံတော်ကြီး၏ အသက်ဝိညာဉ်ဖြစ်ပါသည်။**

ငါးမင်းဆွေ၏ ဆောင်းပါး စာ ၈ - ၉

**မိုးထစ်ချုန်းရွာမည်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

22-8 (01).pmd 1 8/22/2009, 1:36 AM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဩဂုတ် ၂၂ ရက်)

# လူတိုင်း ရောဂါဘယကင်းဝေးရေး ကျင့်ကြံနေထိုင် ကျန်းမာသန်စွမ်းသော နိုင်ငံ့သားကောင်းများဖြစ်ရန် ကြိုးပမ်း

ကျန်းမာရေးသည် လူသားအားလုံးအတွက် တန်ဖိုးအထားရဆုံးသော ရလဒ်တစ်ခုဖြစ်သကဲ့သို့ နိုင်ငံအတွက်လည်း ပြည်သူများ၏ ကျန်းမာကြံ့ခိုင်မှုသည် တန်ဖိုးမဖြတ်နိုင်သည့် ဂုဏ်ဒြပ်ဖြစ်သည်။

လူမှုရေးဦးတည်ချက်တွင်ပါရှိသည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ဦးတည်ချက်နှင့်အညီ နိုင်ငံတော်အစိုးရသည် ပြည်သူတစ်ရပ်လုံး အသက်ရှည်စွာရပ်တည်နိုင်ရေးနှင့် ရောဂါဘယကင်းစေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖော်ဆောင်လျက်ရှိသည်။

ယနေ့အချိန်အခါ၌ အဓိကရောဂါကြီးခြောက်မျိုးတွင် တစ်ခုအပါအဝင်ဖြစ်သော အဆုတ်ရောဂါသည် ကူးစက်နိုင်သောရောဂါဖြစ်၍ အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အသက် ၁၅ နှစ်မှ ၅၉နှစ်အတွင်း အဖြစ်များသည်။ ရောဂါလျော့နည်းကျဆင်းရေးအတွက် ထိရောက်သောနည်းလမ်းများနှင့် လူနာရှာဖွေမှု၊ ထိရောက်စွာကုသမှုနှင့် အကျိုးရှိသောကာကွယ်မှုတို့ကို ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် ကမ္ဘာတစ်ဝန်း၌ HIV ပိုးကူးစက်ခံရမှုကြောင့် တီဘီရောဂါပိုမိုဖြစ်ပွားလျက်ရှိပြီး HIV ပိုးကူးစက်ခံရသူ၌ပင် တီဘီရောဂါသည် စနစ်တကျကုသမှုခံယူပါက ပျောက်ကင်းသော ရောဂါလည်းဖြစ်သည်။ ရောဂါပိုးကူးစက်ခံရသူတိုင်း တီဘီရောဂါဖြစ်ပွားလေ့မရှိ။ မိမိ၏ကိုယ်ခံစွမ်းအား ကောင်းမွန်မှုအပေါ်မူတည်ပြီး ရောဂါဖြစ်ပွားခြင်းဖြစ်သည်။

တီဘီရောဂါပိုးအားခုခံနိုင်မှုမှာ ကူးစက်ခံရသူ၏ အသက်အပိုင်းအခြား၊ အာဟာရဓာတ်ပြည့်ဝမှုအခြေအနေ၊ အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း ရှိမရှိ၊ အခြားရောဂါခံစားနေရမှု၊ ကိုယ်တွင်း ခုခံစွမ်းအားများကို ဆေးဝါးသို့မဟုတ်ရောဂါကြောင့် ဖိနှိပ်ထားခြင်းခံရမှု ရှိမရှိနှင့် လူမှုစီးပွားရေး အခြေအနေများပေါ်တွင် သက်ဆိုင်ဆက်နွှယ်နေပေသည်။

ယနေ့အချိန်အခါတွင် တီဘီရောဂါကုထုံးနည်းသစ်များနှင့် ဆေးဝါးများကို ကျန်းမာရေးဌာန၏ ညွှန်ကြားချက်အတိုင်း စနစ်တကျကုသမှုကို ခံယူပါက ပျောက်ကင်းနေပြီဖြစ်သည်။

သို့ဖြစ်ပေရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူများသည် ရောဂါဘယကင်းပြီး ကာယ၊ ဉာဏစွမ်းအားများ ပြည့်ဆည်းပေးနိုင်မည့် နိုင်ငံ့သားကောင်းများဖြစ်ရန် ကျင့်ကြံနေထိုင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၂၂-၈-၂၀၀၉ (စနေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၅၁)
၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ငြိုးမာန်ဖွဲ့စိမ်းရက်လေသလား** ကျော်ဟိန်း၊ မေသန်းနု (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၁၃း၅၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၁၇)

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၅ ၆။ အမျိုးသားရေးတေးကဗျာ
၅း၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ လျှပ်တစ်ပြက်
၆း၃၀ ၁၃။ စားဖိုဆောင်ချစ်သူ
၆း၄၅ ၁၄။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောရောင်စဉ်** (အပိုင်း-၁၁)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လူရွှင်တော်စတား
၂၀။ အင်္ဂလိပ်စာသုတ (English Usage)
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်သိုင်းမောင်နံ့** (အပိုင်း-၃၇)
၂၃။ အရှင်ဇနကာဘိဝံသ၏ **ထေရုပ္ပတ္တိ (အပိုင်း-၂၀)**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ၂၀၀၉ ခုနှစ် နှစ်ဝက်မျက်နှာစုံညီ အစည်းအဝေးဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(ကျန်းမာရေး)

# ဆေးသိပ္ပံပညာရပ်တိုးတက်ရေး သုတေသနလုပ်ငန်းများ အားပေးဆောင်ရွက် ဆေးသုတေသနဦးစီးဌာနသုံးခုအထိ တိုးချဲ့ပေးနိုင်

နေပြည်တော် ဩဂုတ် ၂၁

**မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ၂၀၀၉ ခုနှစ် နှစ်ဝက်မျက်နှာစုံညီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၁၇ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ ကျင်းပသည်။**

### အဖွင့်အမှာစကား

ရှေးဦးစွာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ဆေးသိပ္ပံပညာရပ်တိုးတက်ရေးအတွက် ဆေးသုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိရာ ဆေးသုတေသနဦးစီးဌာန သုံးခုအထိ တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့သည် ဆေးသိပ္ပံပညာရပ်တိုးတက်ပြန့်ပွားရေးလုပ်ငန်းများကို နည်းမျိုးစုံဖြင့် တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို အားရဖွယ်ရာ တွေ့ရှိရကြောင်းဖြင့် ပြောကြားသည်။

### ဖတ်ကြားတင်ပြ

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)ဒေါက်တာသိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး အမှုဆောင်အဖွဲ့အစီရင်ခံစာကို မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ဖတ်ကြားတင်ပြကြသည်။

### ပြန်လည်ဆွေးနွေး

ထို့နောက် အဖွဲ့ဝင်များ၏ မေးမြန်းဆွေးနွေးချက်များကို အမှုဆောင်အဖွဲ့ အတွင်းရေးမှူးဒေါက်တာစိုးသိန်းက ပြန်လည်ဆွေးနွေးပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဩဂုတ် ၁၇ရက်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန အစားအသောက်အန္တရာယ်ကင်းစင်ရေးနှင့် အရည်အသွေး ထိန်းသိမ်းရေး ဓာတ်ခွဲဌာနရှိ အစားအသောက် ဓာတုအရည်အသွေးထိန်းသိမ်းရေး ဓာတ်ခွဲခန်း၊ ဇီဝနှင့်ဓာတုအန္တရာယ်ကင်းစင်ရေးဓာတ်ခွဲခန်း၊ ဓာတုအရည်အသွေး ထိန်းသိမ်းရေးဓာတ်ခွဲခန်း၊ အဏုဇီဝအရည်အသွေး ထိန်းသိမ်းရေး ဓာတ်ခွဲခန်း၊ ဆေးဝါးအန္တရာယ်ကင်းစင်ရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးဓာတ်ခွဲခန်းရှိ ဇီဝစံဓာတ်ခွဲခန်း၊ ပိုးမွှားသန့်စင်ခန်းနှင့် ဆေးဝါးဗေဒဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အထက-သုဝဏ္ဏ မိဘဆရာအသင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထက-သုဝဏ္ဏ၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သောဂုဏ်ထူးရှင်များအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီခွဲက ယုဇနဆောင်၌ ကျင်းပသည်။

### ဆုချီးမြှင့်

အခမ်းအနားတွင် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၈ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၄၁ ဦးတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြပြီး ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မမေမွန်မိုးကျော်အား ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြက ဆုချီးမြှင့်ပေးကြောင်း သိရသည်။ **(အောက်ပုံ) (ပညာရေး)**

မြောက်ဥက္ကလာပမြို့နယ် ဘုမ္မာလမ်းမကြီးကို ပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် နိုင်လွန်ကတ္တရာလမ်းခင်း ပြုပြင်နိုင်ရန်အလှူငွေကျပ် ၁၈၅၀၀၀၀ ကို မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေး ကျော်ကိုကိုဆက်နိုင် (မုံရွာဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်ဆေး မိသားစု)တို့က လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်သစ်နှင့် (ရျ)ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။

(၁၁၈)

22-8 (02).pmd 1 8/22/2009, 1:36 AM

# ရန်ကုန်မြို့ကား အောက်မြန်မာပြည် ဒေသတစ်ခုပီပီ မိုးများသည့် အရပ်ဖြစ်၍ ရေနုတ်မြောင်းများ၊ ချောင်းများ၊ မြစ်ထွက်ပေါက်များကို ရေစီးရေလာ ကောင်းမွန်ရေး အတွက်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ။

ဗဟန်းမြို့နယ်အတွင်းရှိ အဝိုင်းဘက် ရှုခင်းအလှက ဘဝင်အေးစရာ။ (သတင်းစဉ်)

*** ကျောဖုံးမှ**

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုတို့ကြောင့် ၁၉၅၀ကျော်လွန်နှစ်များကပင် ရန်ကုန်သည် အာရှတွင် နာမည်ကျော်ခဲ့ပါ၏။ အချို့သော အရှေ့တောင်အာရှနိုင်ငံအချို့၌ ရန်ကုန်မြို့၏ ပုံစံတုပ၍ မြို့ကွက်တည်ထောင်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံတကာမြို့ကြီးများ၏ အင်္ဂါရပ်နှင့်အညီ သန့်ရှင်းလှပထည်ဝါမှု ရှိစေရေးအတွက် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့သည် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပေသည်။

## ကြည့်ရှုလေ့လာ

ယခုရက်ပိုင်း အားလပ်ရက်တစ်ရက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသည့် လမ်းနှင့်တံတားများ အဆင့်မြှင့်တင်ခြင်း၊ လူသွားစင်္ကြံများ၊ ရေမြောင်းများပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို စာဖတ်ပရိသတ်များထံ တင်ပြရန် မြို့လုံးပတ်လည် ကြည့်ရှုလေ့လာခဲ့ပါသည်။

## မြို့ပြယုဂ်

ကနဦးလေ့လာဖြစ်ခဲ့သည့် နေရာကား မြို့တော်ခန်းမနှင့် မနီးမဝေး ဆူးလေဘုရားလမ်းရှိ တော်ဝင်လူကူး ခုံးတံတားပင်။ ရန်ကုန်မြို့လယ်ရှိ လူသွားလူလာအများဆုံး၊ ယာဉ်သွားလာမှုအများဆုံးနေရာတွင် မိုးလုံလေလုံ အမိုးများ၊ အရှည် ၅၂ပေနှင့် ခြောက်ပေအကျယ်ရှိ တံတားအတက်အဆင်းနှစ်ခုနှင့် အရှည် ၅၂ပေ၊ အကျယ် သုံးပေခွဲရှိ တံတားအတက်အဆင်းတစ်ခု ပါဝင်သော တော်ဝင်လူကူးခုံးတံတားကား ခေတ်မီသပ်ရပ်ရုံမက ဗိုလ်ဆန်လှပေစွ။ ဒေါက်မပါသော အတက်အဆင်းတံတားများကို အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ကိုယ်တိုင်ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်အန္တရာယ် ကင်းရှင်းစွာ၊ တကူးတကတက်ရောက်ဖြတ်ကူးချင်စရာပင် ကောင်းလှပါဘိ။ တံတားပေါ်မှ ပြည်သူများ ပျားပန်းခပ်မျှ သွားလာနေကြသည်မှာ မြို့ပြ၏ ပြယုဂ်တစ်ခုအလားပင်။

ရန်ကုန်မြို့ ယာဉ်သွားလာမှု အများဆုံးနေရာဖြစ်သည့် ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ မိုးလုံလေလုံ တော်ဝင်လူကူးခုံးတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

## တူးဖော်

မြို့တွင်း ဥဒဟို ကြည့်ရှုလေ့လာနေခဲ့ရာမှ တာမွေမြို့နယ် ယုဇနပလာဇာရှေ့ရှိ ဗညားဒလလမ်းသို့ ရောက်သော် ယခင်က မိုးသည်းထန်စွာ ရွာသွန်းလျှင် ရေဝပ်ရေလျှံတတ်သည့်နေရာ၌ လမ်းပိုင်းမြင့်ခြင်းလုပ်ငန်း။ အရှည်ပေ ၇၀၀၊ အကျယ် လေးပေနှင့် အနက်ခြောက်ပေရှိ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရ၏။

## လေ့လာခွင့်ရ

ထိုမှလွန်သော် တာမွေနှင့် ရန်ကင်းမြို့နယ်ကြား မြောက်မြင်းပြိုင်ကွင်းလမ်းရှိ မိုးရာသီကာလအတွင်း ရေလျှံမှု မရှိစေရေးအတွက် အရှည်ပေ ၁၂၀၀ရှိ လမ်းပိုင်းပေါ်တွင် မူလလမ်းသားထက် သုံးပေမြှင့်တင် လမ်းပခုံးဆောင်ရွက်နေမှု၊ ထိုမှတစ်ဆင့် မိုးကောင်းလမ်းရှိ ခုနစ်ပင်လိမ်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သံကူကွန်ကရစ် မိုးကောင်းတံတားသစ်တည်ဆောက်နေမှု၊ ထိုမှတစ်ဖန် ရှစ်မိုင်လမ်းဆုံ လမ်းဘေးစင်္ကြံများ မြို့အင်္ဂါရပ်နှင့်အညီ တင့်တယ်မှုရှိစေရေးအတွက် အသစ်ပြုပြင်မွမ်းမံ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှု လေ့လာခွင့်ရခဲ့ပါသည်။

## စဉ်ဆက်မပြတ်ဆောင်ရွက်

ထို့အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)သည် လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ အကြီးစားပြုပြင်ထိန်းသိမ်းနေမှု လုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရန်ကုန်မြို့ကား အောက်မြန်မာပြည် ဒေသတစ်ခုပီပီ မိုးများသည့် အရပ်ဖြစ်၍ ရေနုတ်မြောင်းများ၊ ချောင်းများ၊ မြစ်ထွက်ပေါက်များကို ရေစီးရေလာကောင်းမွန်ရေး အတွက်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိပေသည်။

သန့်ရှင်းသာယာလှပသော ရန်ကုန်မြို့လယ်ရှုခင်းက မျက်စိပသာဒ အေးဖွယ်အတိ။ (သတင်းစဉ်)

## အဆင့်မြှင့်

ရပ်ကွက်အတွင်း လမ်းများအဆင့်မြှင့်တင်ပေးခြင်းလုပ်ငန်းကလည်း လိုအပ်သောဆောင်ရွက်ချက်တစ်ရပ် ဖြစ်ပေသည်။ သို့မို့ကြောင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့ မြို့နယ်အသီးသီးရှိ ရပ်ကွက်အတွင်း လမ်းပေါင်း ၁၆၇လမ်း စုစုပေါင်း လမ်းအရှည် ၂၉၃၄၇၄ပေကို မြေသားလမ်းမှ ကတ္တရာကွန်ကရစ်လမ်းအထိ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခု ၆၂ လမ်းမျှ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ ထို့အတူ တံတား ၁၆စင်းအနက် ခြောက်စင်းတည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

## တိုးမြှင့်ဆောင်ရွက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တည်ဆောက်လျက်ရှိသော မန္တလေးတိုင်း သာစည်မြို့နယ်ရှိ ပျဉ်ညောင်ဘိလပ်မြေစက်ရုံကြီး ပြီးစီးခဲ့ပါက ရန်ကုန်မြို့ရှိ လမ်းများအားလုံးကို ကတ္တရာကွန်ကရစ်လမ်းများအဖြစ် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ် ကြားသိခဲ့ရပါတယ်။

ရန်ကုန်မြို့နေ ပြည်သူအပေါင်းကလည်း မိမိတို့၏မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ အစဉ်သန့်ရှင်း သာယာလှပစေရေးအတွက် မြို့ကြီးသား၊ မြို့ကြီးသူများပီပီ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါဟု တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ခေတ်မီတိုက်တာအဆောက်အအုံများဖြင့် သာယာလှပလျက်ရှိသည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံ မြင်ကွင်းတစ်နေရာ....။ (သတင်းစဉ်)

22-8 (03).pmd 1 8/22/2009, 1:36 AM

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ် မန်နာဒိုမြို့အနီး ရေအောက်ကြမ်းပြင်တွင် ဂင်းနက်စ်မှတ်တမ်းဝင်ရန်အတွက် ရေငုပ်သမား ၂၄၀၀ထက်မနည်း ရေငုပ်စွမ်းရည်ပြသနေသည်ကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# ကမ္ဘာ့ဈေးနှုန်းအကြီးမြင့်ဆုံးမြို့များ ထုတ်ပြန်ကြေညာ စင်ကာပူသည် အာရှတွင် ဒုတိယဈေးအကြီးဆုံးဖြစ်

**စင်ကာပူ ဩဂုတ် ၂၁**

စင်ကာပူသည် အာရှဒေသ၌ ဒုတိယ ဈေးအကြီးမြင့်ဆုံးမြို့ဖြစ်ကြောင်း ဒေသဆိုင်ရာ မီဒီယာက ဩဂုတ် ၂၀ရက်တွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့သည် အာရှဒေသတွင် ဈေးအကြီးဆုံးမြို့ဖြစ်ပြီး စင်ကာပူသည် ဒုတိယဈေးအကြီးဆုံးမြို့ ဖြစ်သည်။ ဟောင်ကောင်က တတိယဈေးအကြီးဆုံးမြို့ဖြစ်သည်ဟု ဒေသဆိုင်ရာရုပ်မြင်သံကြားဌာန ယူဘီအက်စ်လေ့လာရေး စစ်တမ်းတစ်စောင်ကို ကိုးကားဖော်ပြသည်။

**ဈေးအကြီးမြင့်ဆုံးမြို့**

ကမ္ဘာတစ်ဝန်းရှိ မြို့ပေါင်း ၇၃မြို့၏ နေထိုင်စရိတ်နှင့်ကုန်ပစ္စည်း ၁၂၂မျိုးနှင့် နှိုင်းယှဉ်ကြည့်ရာတွင် စင်ကာပူသည် အဆင့်၂၄ရှိသည်။ ယင်းလေ့လာမှုစစ်တမ်းတွင် ကုန်ပစ္စည်းဝန်ဆောင်စရိတ်များကို အခြေခံလျက် ဈေးနှုန်းကြီးမှုကို တွက်ချက်ထားခြင်းဖြစ်သည်။ အော်စလို၊ ဇူးရစ်၊ ကိုပေဟောဂင်၊ဂျီနီဗာ၊တိုကျိုနှင့်နယူးယောက်မြို့တို့သည် ကမ္ဘာပေါ်တွင် ဈေးအကြီးမြင့်ဆုံးမြို့များဖြစ်ပြီး မွမ်ဘိုင်း၊ နယူးဒေလီ၊ မနီလာနှင့် ကွာလာလမ်ပူမြို့တို့သည် ဈေးအနည်းဆုံးမြို့များဖြစ်သည်ဟု သိရသည်။

**တိုကျို**

အာရှတွင် တိုကျိုမြို့တော်မှ ဝန်ထမ်းများ၏လခသည် အမြင့်မားဆုံးဖြစ်ပြီး ကမ္ဘာ့အဆင့် ၁၈၌ ရှိသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

## လေယာဉ်ပစ်ဒုံးကျည်များ မရောင်းချရန် ရုရှားအား အစ္စရေးသမ္မတ တိုက်တွန်း

မော်စကို ဩဂုတ် ၂၁

ရုရှားလုပ် အက်စ်-၃၀၀လေယာဉ်ပစ်ဒုံးကျည်များကို အီရန်သို့ရောင်းချရေးကိစ္စအပေါ် ပြန်လည်စဉ်းစားရန် ရုရှားကသဘောတူကြောင်း အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်က ဩဂုတ် ၁၉ရက်တွင် ပြောကြားသည်။

သတိပေး

အဆိုပါ ရုရှားဒုံးကျည်များရောင်းချခြင်းဖြင့် အရှေ့အလယ်ပိုင်းဒေသ၏ အင်အားမမျှတမှုကြောင့် ကမောက်ကမ ဖြစ်စေနိုင်သည်ဟု ပီရက်စ်က သတိပေးကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

တိုက်တွန်း

အက်စ် -၃၀၀လေယာဉ်ပစ်ဒုံးကျည်များသည် အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများအား လေကြောင်းတိုက်ခိုက်မှုမှ ကာကွယ်ရန်ဖြစ်သည်။ ရောင်းချမည့် ယင်းအစီအစဉ်သည် ရုရှားနှင့် အမေရိကန်အတွင်း ဆက်ဆံရေးတွင် အတိမ်းအစောင်းမခံသည့် ပြဿနာဖြစ်ပြီး ရုရှားအစိုးရအနေဖြင့် ယင်းလက်နက်များကို အီရန်သို့ ရောင်းချမှု မပြုရန် အစ္စရေးက တိုက်တွန်းထားသည်။

အမ်အင်န်အေ၊ရိုက်တာ

# ဆီးရီးယားနှင့်အီရတ် အဆင့်မြင့် အစည်းအဝေးကျင်းပ နယ်ပယ်ကဏ္ဍစုံ အကျိုးတူပူးပေါင်းရေး သဘောတူညီ

ဒမတ်စကတ် ဩဂုတ် ၂၁

**ဆီးရီးယားနှင့် အီရတ်နှစ်နိုင်ငံ ဝန်ကြီးချုပ်များ၏ အဆင့်မြင့်အစည်းအဝေးကို ဩဂုတ် ၁၈ရက်က ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ ကျင်းပပြီးနောက် ၄င်းနိုင်ငံများ၏ နယ်ပယ်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ် သတင်းထုတ်ပြန်သည်။**

**သဘောတူညီ**

အဆိုပါနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရန်အတွက် ယခင်နှစ်က ဘဂ္ဂဒက်မြို့၌ ကျင်းပသည့် အဆင့်မြင့် အစည်းအဝေးတွင် သဘောတူညီပြီးဖြစ်သည်။

**အပြန်အလှန်ဆက်ဆံမှု**

မိတ်ဆွေဖက်နိုင်ငံဖြစ်သည့် ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့အကြား လူမှုရေးရာ၊ ယဉ်ကျေးမှုနှင့် ၄င်းနှစ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် အပြန်အလှန် ဆက်ဆံမှုတို့ကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

**တင်ပို့**

အီရတ်နိုင်ငံမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ဆီးရီးယားမှတစ်ဆင့် နိုင်ငံတကာဈေးကွက်သို့ တင်ပို့မည့်ကိစ္စကိုလည်း ဆွေးနွေးကြကြောင်း သိရသည်။

(အင်တာနက်)

အိန္ဒိယနိုင်ငံ ဆီလီဂူရီဒေသ၌ ရေကြီးမှုဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။

(ယင်းကဲ့သို့ ရေကြီးမှုကြောင့် လူခုနစ်ဦးသေဆုံးပြီး လယ်မြေဧကများစွာ ပျက်စီးခဲ့ကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

## စားနပ်ရိက္ခာများ အိန္ဒိယတင်သွင်းမည်

**နယူးဒေလီ ဩဂုတ် ၂၁**

အိန္ဒိယနိုင်ငံ၌ မိုးခေါင်နေသဖြင့် လူပေါင်း သန်း ၇၀၀အတွက် လိုအပ်မည့် စားနပ်ရိက္ခာများကို တင်သွင်းရမည်ဖြစ်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက ပြောကြားလိုက်ကြောင်း ဩဂုတ် ၂၁ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

**ပြောကြား**

အိန္ဒိယနိုင်ငံ၏ ခရိုင်ထက်ဝက်ခန့် မိုးခေါင်နေကြောင်း၊ စားသောက်ကုန်ဈေးနှုန်းမှာလည်း ၁၀ ဆမျှ တက်လာကြောင်း ဘဏ္ဍာရေးဝန်ကြီး ပရာနက်မူဟာဂျေးက ပြောကြားသည်။ (အင်တာနက်)

## မိုရာကော့ မုန်တိုင်းအတွင်း လူ ၆၀၀ကျော် ပျောက်ဆုံး

*တရုတ်တိုင်ပေ ဩဂုတ် ၂၁*

*တရုတ် (တိုင်ပေ)တွင် တိုင်ဖွန်းမုန်တိုင်းပြင်းထန်စွာ တိုက်ခတ်ခဲ့ပြီးနောက် လူ ၆၀၀ကျော် ပျောက်ဆုံးလျက်ရှိသည်။ စစ်ဘက်က ကယ်ဆယ်ရေးလုပ်ငန်းလုပ်ဆောင်ရာ ပင်လယ်ရေအောက်ရှိ ကျောက်ဆောင်နှင့်ရွှံ့နွံအောက်၌အလောင်းများ တွေ့ရှိကြကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။*

*မိုရာကော့တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် လူ ၁၅၃ဦးသေဆုံးပြီး လူ ၄၆၄ဦး ပျောက်ဆုံးလျက်ရှိကာ တရုတ်(တိုင်ပေ) တောင်တန်းဒေသတစ်လျှောက်ရှိ ကျေးရွာများတွင် မြေပြိုမှုဖြစ်ပွားသဖြင့် လူအများအပြား နစ်မြုပ်နေကြဖွယ်ရှိသည်ဟု တရုတ်(တိုင်ပေ)သဘာဝဘေးအန္တရာယ်ဌာနက ဖော်ပြခဲ့သည်။*

*အမ်အင်န်အေ၊ရိုက်တာ*

## သြစတြေးလျနှင့် နယူးဇီလန် ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မည်

**ကင်ဘာရာ ဩဂုတ် ၂၁**

သြစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံ ကာကွယ်ရေးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်မည့် နှစ်နိုင်ငံ အင်းဇပ်ကာကွယ်ရေးအဖွဲ့သစ်ကို ထူထောင်သွားမည်ဖြစ်ကြောင်း သြစတြေးလျဝန်ကြီးချုပ် ကယ်ဗင်ရပ်က ထုတ်ဖော်ကြေညာသည်။

**ညှိနှိုင်းဆောင်ရွက်**

ယင်းအစီအစဉ်ကို နယူးဇီလန်ဝန်ကြီးချုပ်ဂျွန်ကေး အလည်အပတ်ရောက်ရှိစဉ် နှစ်နိုင်ငံဝန်ကြီးချုပ်များ တွေ့ဆုံဆွေးနွေးကာ ဆုံးဖြတ်ခြင်းဖြစ်သည်။ အသေးစိတ်အစီအစဉ်များကို နှစ်နိုင်ငံကာကွယ်ရေးဦးစီးချုပ်များက ညှိနှိုင်းဆောင်ရွက်ကြမည်ဖြစ်သည်။ **(အင်တာနက်)**

## ပုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

## အမေရိကန်၏ အိမ်ရာတည်ဆောက်ရေးလုပ်ငန်း ယခုနှစ်အတွင်း ကျဆင်းလျက်ရှိ

ဝါရှင်တန် ဩဂုတ် ၂၁

**အမေရိကန်နိုင်ငံ၏ အိမ်ရာတည်ဆောက်ရေးကဏ္ဍတွင် ယခုနှစ်ပထမ ခုနစ်လအတွင်း ၁၃သမ၀ ရာခိုင်နှုန်း ကျဆင်းလျက်ရှိကြောင်း ဩဂုတ် ၁၈ရက်က အစိုးရထုတ်ပြန်ချက် သတင်း၌ ဖော်ပြသည်။**

ပိုမိုလျော့ကျ

**ပုဂ္ဂလိကပိုင် အိမ်ရာဆောက်လုပ်ရေးမှာ နှစ်ချင်းအလိုက် ခန့်မှန်းသည်ထက်ပိုမိုလျော့ကျလျက်ရှိကြောင်း ကူးသန်းရောင်းဝယ်မှုဌာနက သတင်းထုတ်ပြန်သည်။**

ကျဆင်း

**ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကြောင့် အမေရိကန်နိုင်ငံ၏ အိမ်ရာတည်ဆောက်ရေးလုပ်ငန်းမှာလည်း ရုတ်တရက် ကျဆင်းသွားခဲ့သည်။**

(အင်တာနက်)

## ချီလီနိုင်ငံ စန်တီယာဂို၌ မိုးသည်းထန်စွာရွာသွန်း လူ ၅၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်

**စန်တီယာဂို ဩဂုတ် ၂၁**

ချီလီနိုင်ငံ စန်တီယာဂိုမြို့ ဆင်ခြေဖုံးဒေသတွင် ဩဂုတ်၁၈ရက်နှင့် ၁၉ရက်တို့က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းသဖြင့် လူ ၅၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ကာ အိမ်ခြေ ၁၂၄လုံး ပျက်စီးသွားကြောင်း အမျိုးသား အရေးပေါ်ဌာနက ထုတ်ဖော်ပြောကြားသည်။

**ခံစားခဲ့ရ**

လန်ပါ၊ ဘာဒန်ပိုပါကိုနှင့်ရန်ဂူးဒေသတွင်းရှိ နေရာများတွင် ရေကြီးမှုဒဏ်ကို အများဆုံး ခံစားခဲ့ရကြောင်း သိရသည်။

**(အင်တာနက်)**



## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

### အမေရိကန်ရဟတ်ယာဉ် တောင်နှင့်တိုက်ပြီးပျက်ကျ

*အမေရိကန်စစ်ဘက်မှ အမ်အိတ်ချ်-၆၀ ဘလက်ဟော့ရဟတ်ယာဉ်တစ်စင်း ဩဂုတ်၂၁ရက်က လေ့ကျင့်ပျံသန်းစဉ် အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်ရှိ မက်ဆီဗီတောင်နှင့် တိုက်မိပြီး ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း စစ်ဘက်အရာရှိများက ပြောကြားသည်။*

### တောင်ကိုရီးယား အာကာသဒုံးပျံယာဉ် လွှတ်တင်မည့်ရက် သတင်းထုတ်ပြန်

*တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးအာကာသဒုံးပျံယာဉ် လွှတ်တင်မှုကို ပထမအကြိမ် ရွှေ့ဆိုင်းခဲ့ရပြီးနောက် ဩဂုတ်၂၅ရက်၌ လွှတ်တင်ရန် စီစဉ်ထားကြောင်း တောင်ကိုရီးယား အာကာသသိပ္ပံအရာရှိများက ဩဂုတ် ၂၁ရက်၌ သတင်းထုတ်ပြန်သည်။*

### ဂျပန်နိုင်ငံ၏ ရဟတ်ယာဉ်တင်သင်္ဘော စတင်ရေချ

*ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ရှိ သင်္ဘောကျင်းမှ အိုင်စီအမည်ရှိ ဂျပန်နိုင်ငံ၏ ဒုတိယမြောက် ရဟတ်ယာဉ်တင်သင်္ဘောကြီးကို ဩဂုတ် ၂၁ရက်၌ ရေချလိုက်သည်။ ယင်းသင်္ဘောသည် ဂျပန်နိုင်ငံ၏အကြီးမားဆုံး လေယာဉ်တင်သင်္ဘောဖြစ်ပြီး အရှည် ၁၉၇ မီတာရှိကာ ရဟတ်ယာဉ် ၁၁စင်းတင်ဆောင်နိုင်ကြောင်း ဂျပန်စစ်ဘက်အရာရှိများက ပြောကြားသည်။ (အောက်ပုံ)*



### ပါကစ္စတန်အနောက်မြောက်ပိုင်း၌ မြစ်ရေလျှံ

*ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသများတွင် ဩဂုတ် ၂၁ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ဘာရာမြစ်ရေလျှံမှုဖြစ်ပွားရာ ယင်းမြစ်အနီးဝန်းကျင်၌ နေထိုင်သည့် ကျေးရွာများမှ ကလေး ၁၈ ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။* ***(အောက်ပုံ)***

### ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်၌ ခရီးသည်တင်လေယာဉ်ပေါက်ကွဲမှုဖြစ်ပွား

*ထိုင်းနိုင်ငံတောင်ပိုင်း ဟက်ယိုင်မြို့မှ ခရီးသည် ၂၀၀ ကျော်တင်ဆောင်ပျံသန်းလာသော လေယာဉ်တစ်စင်းသည် ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီခွဲက ဗန်ကောက်မြို့ သုဝဏ္ဏဘူမိလေဆိပ်သို့အဆင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ သို့သော် ခရီးသည်များထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း လေဆိပ်အရာရှိများက ပြောကြားသည်။*

### ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

*ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုးများ ကျဆင်းလျက်ရှိရာ ဂျပန်ငွေကြေးဈေးကွက်၌ ဩဂုတ် ၂၁ရက် ဈေးကွက်ပိတ်ချိန်၌ ဂျပန်ယန်း ၉၃ ယန်းတွင် အမေရိကန်တစ်ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း ဂျပန်ငွေကြေးလုပ်ငန်းရှင်များက ပြောကြားသည်။*

### အိန္ဒိယနိုင်ငံ ဂိုရာမြို့ကမ်းလွန်၌ စစ်ဘက်လေယာဉ်ပျက်ကျ

*အိန္ဒိယနိုင်ငံ ဂိုရာမြို့ကမ်းလွန်တွင် ဩဂုတ် ၂၁ရက်က အိန္ဒိယလေတပ်မှ လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူး ပျောက်ဆုံးလျက်ရှိကြောင်း အိန္ဒိယစစ်ဘက်မှ ပြောကြားသည်။ ။* *(အင်တာနက်)*

### မြင်းမူမြို့နယ်၌ ကျေးလက်လမ်းဂျင်းကျောက်ခင်း

မြင်းမူ ဩဂုတ် ၂၁

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ကန်ဖျား ကျေးလက်လမ်း ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းကို တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးသိန်းတို့ ဖူလိုင် ၂၇ရက်က ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## စစ်တွေမြို့ရှိ အခြေခံပညာမူလတန်းကျောင်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၁

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဩဂုတ် ၁၁ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက်နှင့် ရွာကြီးမြောက်ရပ်ကွက်အတွင်း သောက်သုံးရေရရှိရေး ဆောင်ရွက်နေမှု၊ အုန်းတပင်ရပ်ကွက်ရှိ အများပြည်သူသုံးသောက်ရေကန်၊ အမှတ်(၃၀) အခြေခံပညာမူလတန်းကျောင်း၊ လမ်းမတော်မြောက်ရပ်ကွက် ကျေးပင်တန်းအခြေခံပညာမူလတန်းကျောင်းနှင့် အောင်မင်္ဂလာရပ်ကွက် အမှတ်(၁၈)အခြေခံပညာမူလတန်းကျောင်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။**

**ကြည့်ရှုစစ်ဆေး**

တိုင်းမှူးသည် ဩဂုတ် ၁၃ရက်တွင် တရားသီးစုရပ်ကွက်နှင့် ရွှေပြားရပ်ကွက်များရှိ ကမ်းနားလမ်းတစ်လျှောက် လှိုင်းကာတန်းပြုလုပ်ထားမှုအခြေအနေနှင့် ကျောက်များ စုဆောင်းရရှိမှုအခြေအနေများ၊ ပန်းခြံပုံကျဈေးနေရာ၌ ဈေးဆိုင်တန်းအသစ်တည်ဆောက်သွားမည့်မြေနေရာနှင့် မကျီးမြိုင်ရပ်ကွက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထို့နောက် တိုင်းမှူးသည် ပြည်နယ်ရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၁

သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ State Grid Corporation မှ Chief Economist Dr. Du Zhigang ၊ Board Chairman Professor Mr. Wang Jinian နှင့်အဖွဲ့သည် ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

### မှတ်သားဖွယ်ရာ မိုးရေချိန်

၂၁-၈-၂၀၀၉

**နေပြည်တော်**
၂ ဒသမ ၄၀ လက်မ
**ခန္တီး**
၄ ဒသမ ၁၀ လက်မ
**သံတွဲ**
၁ ဒသမ ၈၉ လက်မ
**ကော့ကရိတ်**
၁ ဒသမ ၇၇ လက်မ
**စစ်တွေ**
၁ ဒသမ ၇၃ လက်မ
**မောင်တော**
၁ ဒသမ ၅၈ လက်မ

## တိုက်ကြီးမြို့ပြနှင့် ကျေးလက်လမ်းများ ရာသီမရွေး သွားလာနိုင်ရေးဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၁**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် ဩဂုတ် ၁၈ရက်တွင် တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ညွှန်ကြားရေးမှူးသည် တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက်နှင့်မြို့ပြ ဆက်သွယ်သည့် တာဂွ၊ သရက်ချောင်း ကျေးလက်ကတ္တရာလမ်းကို ကြည့်ရှုစစ်ဆေးပြီး အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားကာ တိုက်ကြီးမြို့အဝင် မြို့မ ကွက်သစ်ရပ်ကွက်၌ အသစ်တည်ဆောက်ရန်လျာထားသည့် ပန်းခြံမြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးသည် ကျေးရွာချင်းဆက် မြေသားလမ်းဖြစ်သော ဥပုံ၊ ဖိုးခါးချို မြေသားလမ်းအခြေအနေကိုလည်းကောင်း၊ တိုက်ကြီးမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ကျောင်းဆောင်အားလုံးနှင့် ပရဝဏ်အတွင်း ခြင်ဆေးဖျန်းစက်ဖြင့် ဆေးဖျန်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ယဉ်ယဉ်သွယ် ဦးဆောင်သောအဖွဲ့ ဩဂုတ် ၁၃ရက်က (၉+၁၀)ရပ်ကွက် အလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် စာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး ရှင်းလင်းဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

## မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

### နေ့စဉ်နေအိမ်အတွင်းမိသားစုလေ့ကျင့်ခန်းပြုလုပ်ပါလျှင် ချစ်ခင်မှုပိုမိုရရှိပြီးကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ဟုဆို

*နေ့စဉ် နေအိမ်အတွင်း တေးဂီတသံစဉ်ဖြင့် မိသားစုအလိုက် ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်ပေးခြင်းသည် မိသားစုကျန်းမာရေးအတွက် ကြိုတင်ကာကွယ် စောင့်ရှောက်ခြင်းပင်ဖြစ်ကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။*

*လေ့ကျင့်*

*မိသားစုအလိုက် နေအိမ်အတွင်း နံနက်အိပ်ရာထချိန်တွင် စုပေါင်းကိုယ်လက်လှုပ်ရှား လေ့ကျင့်မှုသည် ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်မှုမှန်ကန်စေခြင်း၊ သွေးအတွင်း အဆိပ်ဓာတ်များကို ဖယ်ရှားချေဖျက်နိုင်ခြင်းနှင့် စိတ်ဖိစီးမှုကိုလည်း လျှော့နည်းစေသည့် အကျိုးများ ရရှိကြောင်း ၎င်းတို့၏သုတေသနပြုချက်၌ ဖော်ပြထားသည်။*

*ကာကွယ်*

*ထိုသို့ မိသားစုလေ့ကျင့်ခန်းကို သီတင်းတစ်ပတ်လျှင် ငါးနာရီခန့်မျှ ပြုလုပ်ပေးပါက မိသားစုဝင်တစ်ဦးချင်းတွင် ကျန်းမာရေးကာကွယ်စောင့်ရှောက်ပြီးဖြစ်နေကြောင်း၊ မိသားစုစည်းလုံးမှုရရှိကာ ချစ်ခင်မှုပိုမိုရရှိစေကြောင်း သိရသည်။*

*အကြံပြု*

*ထို့ကြောင့် နံနက်ချိန်တွင် မိသားစုအလိုက် စုပေါင်းကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်သင့်ပြီး နေ့စဉ်မှန်မှန်ပုံမှန်ပြုလုပ်ပေးသင့်ကြောင်း ၎င်းတို့ကအကြံပြုထားသည်။ ။*

■ *ရှေ့ဖုံးမှ*

**ဆက်စပ်**

ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းမှာ တည်ရှိသော ဘုတလင်မြို့သည် စတုဂံပုံမျိုးဖြစ်၍ မြောက်ဘက်တွင် ဒီပဲယင်း၊ အရှေ့ဘက်တွင် အရာတော်၊ တောင်ဘက်တွင် မုံရွာ၊ အနောက်ဘက်တွင် ယင်းမာပင်နှင့် ကနီမြို့နယ်များ ဆက်စပ်လျက် တည်ရှိသည်။

စစ်ကိုင်းတိုင်းမှ ဘုတလင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၄၄၉ ပေ၊ အနိမ့်ဆုံးနေရာ ပေ ၃၀၀နှင့် ပေ ၄၀၀အကြားတွင်တည်ရှိပြီး ဧရိယာ စတုရန်းမိုင် ၂၆၅၂၄၃ ဧကကျယ်ဝန်းကာ ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄အုပ်စု၊ ကျေးရွာပေါင်း ၁၈၈ရွာတည်ရှိသည်။

**ဖွံ့ဖြိုးတိုးတက်**

ဘုတလင်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို သိရှိနိုင်စေရန် မြန်မာ့အလင်းသတင်းအဖွဲ့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လွင်၏ စီစဉ်ပေးမှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးအဆင့်(၂) ဦးစိန်ဝင်းကြည် ကိုယ်တိုင်ကားမောင်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ဝင်းတို့ လိုက်ပါလျက် ဘုတလင် လျှပ်စစ်မြစ်ရေတင် လက်တံမြောင်း(၁) မောင်းထောင်ရွာနှင့် ဆည်ဝရွာကြားအထိ လိုက်ပါပို့ဆောင်ပေးရာ လက်တံမြောင်း(၁)မှ ရေများဝါးကွတ်(w.e)စနစ်ဖြင့် ရေပေးဝေနေမှုနှင့် လမ်းဘေးဝဲယာတွင် ကောက်စိုက်သမများ ကောက်စိုက်နေမှုများကို တွေ့မြင်ရသည်။

ထို့နောက် မြဝတီရပ်ကွက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံးသို့ ရောက်ရှိစဉ်တွင် အနယ်နယ်အရပ်ရပ်သို့ ဖုန်းပြောဆိုနေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ခဲ့ရသည်။

ဆက်လက်၍ ဇူလိုင် ၁၈ရက်က ဖွင့်လှစ်ခဲ့သော ငပယင်းစံပြရွာမှ ဘူတာကျေးရွာအထိ ၁မိုင် ၁ဖာလုံနှင့် ဘူတာရွာမှ အုတ်ဖိုရွာအထိ ၂မိုင် ၂ဖာလုံ ဂျင်းကျောက်လမ်းသို့ရောက်ရှိရာ ကား၊ ဆိုင်ကယ်နှင့် စက်ဘီးကိုယ်စီတို့ဖြင့် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ မောင်းနှင်သွားလာနေကြသည်ကို တွေ့မြင်ရသည်။

**လက်ယှက်ထိုးသွယ်တန်း**

ဘုတလင်မြို့နယ်သည် ယခင်ကနှင့်မတူဘဲ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့် မြို့ပေါ်ဆက်လမ်းများကို လက်ယှက်ထိုးသွယ်တန်း တိုးချဲ့ဆောင်ရွက်ထားသည့်အတွက် မြို့ပေါ်သို့ အချိန်မရွေး သွားလာနိုင်ကြပြီဖြစ်သည်။

**စိုက်ပျိုးပြီးဖြစ်**

ဘုတလင်မြို့နယ်သည် မုံရွာခရိုင်ရှိမြို့နယ်တွင် တစ်မြို့နယ်အပါအဝင်ဖြစ်ပြီး ဒေသခံများသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြရာ ၂၀၀၉-၂၀၁၀ခုနှစ်တွင် မိုးစပါးလျာထားဧက ၇၇၇၀၀ဖြစ်၍ မိုးစပါးဧက ၄၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်သည်။

**ဆောင်ရွက်နေကြ**

မိုးနည်းပါးမှုကြောင့် ရေး၊ ဘုတလင်မြစ်ရေတင်၊ အင်းတော မြစ်ရေတင်တို့ကို အားကိုးပြီး စိုက်ဧက အချိန်နှင့်တစ်ပြေးညီ အပြည့်အဝ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေကြသည်ကို မြင်တွေ့ရသည်။

ဘုတလင်မြို့နယ်သည် စပါးအပြင် နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ကုလားပဲတို့အပြင် စက်မှုကုန်ကြမ်းအဖြစ် ငွေချည်(၆)ချည်မျှင်ချည်ဝါဧက ၁၂၀၀ကျော်ကို စိုက်ပျိုးပြီး နေကြာကို အများဆုံး စိုက်ပျိုးနိုင်သည့်အတွက် နှစ်စဉ် FAO မှ ဆုချီးမြှင့်ခြင်းခံရကြောင်း မြို့နယ်ဥက္ကဋ္ဌ ဦးဇော်လွင်က ရှင်းပြသည်။

**ပညာကျန်းမာ**

ဒေသခံများ၏ ပညာရေးတိုးတက်ရန် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်မြင့်မားရေးအတွက် ဆက်လက်ဆောင်ရွက်ပေးပြီး ကျန်းမာရေးအနေဖြင့် ဘုတလင်တွင် (၂၅)ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ မောင်းထောင်တွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ငါးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၃ခုနှင့် မိခင်နှင့်ကလေးသားဖွားခန်းတစ်ခုတို့ကို တည်ဆောက်ပေးထားသည်။

**ဖွံ့ဖြိုးစည်ပင်**

သို့အတွက်ကြောင့် ဘုတလင်မြို့နယ်ဒေသခံပြည်သူများ၏ ကျေးရွာနှင့် မြို့ဆက်သွယ်ထားသောလမ်းများ တိုးတက်ကောင်းမွန်ပြီး စိုက်ပျိုးရေးကို အဓိကအားထားဆောင်ရွက်မှုကြောင့် ကျေးရွာနေပြည်သူများ၏ဘဝ လှပတင့်တယ်၍ ဖွံ့ဖြိုးစည်ပင်လာနေပြီ ဖြစ်ပါကြောင်း သတင်းခရီးတစ်ထောက် ရေးသားပေးပို့လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

**ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့် မြို့ဆက်လမ်းများ ကွန်ရက်သဖွယ်ဖောက်လုပ်ထားရာ မြို့နှင့် ကျေးလက် အချိန်မရွေးသွားလာနိုင်ပြီ။**

ဦးဇော်လွင်
မြို့နယ်ဥက္ကဋ္ဌ။

**ဘုတလင်မြို့အဝင်**

**လမ်းပန်းဆက်သွယ်မှု အချက်အချာကျသော ဘုတလင်မြို့အဝင် မြင်ကွင်း ပသာဒ။**

(မြန်မာ့အလင်း)

**ဘုတလင်မြို့နယ် ဒေသခံပြည်သူများ၏ ကျေးရွာနှင့် မြို့ ဆက်သွယ်ထားသော လမ်းများ တိုးတက်ကောင်းမွန်ပြီး စိုက်ပျိုးရေးကို အဓိကအားထားဆောင်ရွက်မှုကြောင့် ကျေးရွာနေ ပြည်သူများ၏ဘဝ လှပတင့်တယ်၍ ဖွံ့ဖြိုးစည်ပင်လာ။**

ဒေသတွင်းသာမက နိုင်ငံတကာသို့ ဆက်သွယ်ပြောဆိုနိုင်နေပြီဖြစ်သည့် ဘုတလင်မြို့ အော်တိုအိတ်ချိန်းရုံး။
(မြန်မာ့အလင်း)

## မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဩဂုတ် ၂၁

### အထက(၁) ရန်ကင်း မြတ်ဆရာပူဇော်ပွဲ

*၁၉၆၂ - ၁၉၈၂ ခုနှစ်အတွင်း အထက(၁) ရန်ကင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက လာမည့်နှစ် ဇန်နဝါရီ ၁၇ရက် (တနင်္ဂနွေနေ့)တွင် မြတ်ဆရာပူဇော်မည်ဖြစ်ရာ အလှူငွေကောက်ခံခြင်းကို စက်တင်ဘာ ၁၅ရက် (စနေနေ့)မှစ၍ စတင်မည်ဖြစ်ပြီး လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁-၆၇၅၅၆၊ ၀၉-၅၂-၀၀၂၀၀နှင့် ၀၉-၅၀-၆၃၈၈၉ တို့သို့ ဆက်သွယ်နိုင်ကြသည်။*

### အရွယ်သုံးပါးမိန်းမသား မှတ်တမ်းခွေဖြန့်ချိ

*မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော အရွယ်သုံးပါးမိန်းမသား၊ အလှဝေဖြာ မေမြန်မာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲမှတ်တမ်း ဒီဗွီဒီ၊ ဗွီစီဒီခွေများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဩဂုတ် ၂၄ ရက် (တနင်္လာနေ့)တွင် ဖြန့်ချိမည်ဖြစ်သည်။*

### လက်မှတ်ရစာရင်းကိုင်များ ဟောပြောပွဲ

*မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲတစ်ရပ်ကို ဩဂုတ် ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဩဂုတ် ၂၈ ရက် နောက်ဆုံးထား မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ပြီး နယ်မှလာရောက်လိုပါက ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်သည်။*

### ကမ္ဘာ့ဆရာများနေ့ ဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်

*အောက်တိုဘာ ၅ ရက်နေ့တွင်ကျရောက်မည်ဖြစ်သော ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို အဆင့်မြင့်နှင့် ထက်၊ လယ်၊ မူ အဆင့်လေးမျိုးခွဲ၍ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (သင်ရိုးဌာနခွဲ) အမှတ် ၁၂၃ နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စက်တင်ဘာ ၁၀ ရက် နောက်ဆုံးထား ဆက်သွယ်စုံစမ်း ပေးပို့နိုင်သည်။*

### မျိုးဂုဏ်မြင့်မား မြန်မာ့ပုံရိပ် ဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

*၂၀၁၀ပြည့်နှစ် ဇန်နဝါရီ ၄ရက်(လွတ်လပ်ရေးနေ့)အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို မျိုးဂုဏ်မြင့်မား မြန်မာ့ပုံရိပ်များခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၁ရက် (အင်္ဂါနေ့)နောက်ဆုံးထား၍ အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့နိုင်သည်။*

### အဏ္ဏဝါသိပ္ပံ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

*အဏ္ဏဝါသိပ္ပံ(အဏ္ဏဝါဇီဝ) ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁၇ရက်(စနေနေ့) ညနေ ၄နာရီတွင် M-3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၀၉-၅၃-၂၂၀၁၄၊ ၀၉-၅၂-၀၁၃၄၀နှင့် ၅၃၉၂၂၅တို့သို့ ဆက်သွယ်နိုင်သည်။*

### အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

*မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ ပူးပေါင်း၍ အင်တာနက် နှင့် အီးမေးလ်သင်တန်းကို စက်တင်ဘာ ၁ ရက်တွင် ဖွင့်မည်ဖြစ်ရာ သင်တန်း လျှောက်လွှာကို အမှတ် ၁၅၄ ဦးချစ်မောင်လမ်း ဦးချစ်မောင်အိမ်ရာအနီး တာမွေ မြလမ်းမှတ်တိုင် ဖုန်း-၀၉-၈၆-၁၀၅၃၀တွင် ရယူ၍ လျှောက်ထားနိုင်သည်။*

### ပန်းချီပြပွဲ ဖွင့်လှစ်ပြသ

*ကျောက်တံတားမြို့နယ် အမှတ် ၂၈၆ ပန်းဆိုးတန်းလမ်း ပထမထပ်ရှိ ပန်းချီပြခန်းတွင် Prelude to Water ပန်းချီပြပွဲကို ဩဂုတ် ၂၀ရက်က ဖွင့်လှစ်ပြသထားရာ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်ပန်းချီကားလက်ရာများပါဝင်ပြီး ပြပွဲကို စက်တင်ဘာ ၃ရက်အထိ ခင်းကျင်းပြသထားမည်ဖြစ်သည်။*

### ထူးကြီးအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

*ထူးကြီးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၅ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း(ရွှေတိဂုံတောင်ဘက်မုခ်အနီး) သစ်လုပ်ငန်းမော်ရုံ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်နှင့် မဝင်ရသေးသူများ တက်ရောက်နိုင်ရန် နှိုးဆော်ထားသည်။ ။*

*(မြန်မာ့အလင်း)*

စုစည်းရေးသားသူ - ဝင်းကျော်

## အိုင်အိုဒင်းဆားရောင်းချမှု ရှိ၊ မရှိ စစ်ဆေး

ရွှေကူ ဩဂုတ် ၂၁

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း အိုင်အိုဒင်းဆားများ ရောင်းချမှု ရှိ၊ မရှိကို ဩဂုတ် ၁၅ရက် နံနက် ၉နာရီက အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ လိုက်လံစစ်ဆေးခဲ့သည်။

(မြို့နယ်စည်ပင်)

22-8 (06).pmd 1 8/22/2009, 1:36 AM

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၈-၂၀၀၉ ရက်
(စနေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ **မြတ်ဂုဏ်တော်သခင်** သန်းမြတ်စိုး (တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ ကဗျာပန်းဥယျာဉ်
၇:၅၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ ပန်းလှိုင်တံတား
၈:၁၅ ၈။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ)ဝါသနာရှင် (ပထမတန်းအဆင့်) (အမျိုးသား၊ အမျိုးသမီး)
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၀၀ ၅။ Yan Can Cook
၁၂:၂၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၂၁)
၁၃:၂၀ ၇။ လောကနီတိ(၄) **လှပခြင်း၏အဓိပ္ပာယ်**
၁၄:၀၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄:၁၅ ၉။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၁၄:၂၅ ၁၀။ အတီးပြိုင်ပွဲ
၁၄:၄၅ ၁၁။ **ကျွမ်းတိုင်းမကြမ်းနဲ့**
၁၄:၅၀ ၁၂။ International News
၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၃၀ ၄။ တေးဂီတအစီအစဉ်
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၇။ ၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ)ဝါသနာရှင် (ဒုတိယတန်းအဆင့်) (အမျိုးသား၊ အမျိုးသမီး)
၅:၃၀ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ အလှရှာမယ်၊ လှကမ္ဘာဝယ်
၆:၄၀ ၁၂။ ပဋ္ဌလက်ကျောင်းတော်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပေါ်ပြူလာအချစ်** (အပိုင်း-၂၁) (ဇာတ်သိမ်းပိုင်း)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၃၅)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဖြူရောင်အောက်က အကြင်နာနလုံးသား** (အပိုင်း-၁၄)
၁၉။ ဂီတတံခါးလေးဖွင့်ပါဦး
၂၀။ အစီအစဉ်ပြီး၏။

## (၁၇)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၂၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၁၇)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ဖြေဌာနတို့၌ ဇွန် ၉ ရက်မှ ၁၃ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

အုပ်စု(၁)ခုဒ္ဒကနိကာယ(ဝိနယပိဋက) ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၁၉၄ပါး၊ လေးကျမ်းအောင် ၂၀၁ပါး၊ သုံးကျမ်းအောင် ၁၈၁ပါး၊ နှစ်ကျမ်းအောင် ၂၁၁ပါးနှင့် တစ်ကျမ်းအောင် အပါး ၃၃၀၊ အုပ်စု(၂) ဒီဃနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၇၁ပါး၊ နှစ်ကျမ်းအောင် ၈၂ပါးနှင့် တစ်ကျမ်းအောင် ၅၄ပါး၊ အုပ်စု(၃) မဇ္ဈိမနိကာယ (သုတ္တန္တပိဋက) သုံးကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ခုနစ်ပါး၊ နှစ်ကျမ်းအောင် ခုနစ်ပါးနှင့် တစ်ကျမ်းအောင် တစ်ပါး၊ အုပ်စု(၄) သံယုတ္တနိကာယ (သုတ္တန္တပိဋက) သုံးကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၁၁ပါး၊ နှစ်ကျမ်းအောင်နှစ်ပါးနှင့်တစ်ကျမ်းအောင် တစ်ပါး၊ အုပ်စု(၅) အင်္ဂုတ္တရနိကာယ (သုတ္တန္တပိဋက)သုံးကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၃၆ပါး၊ နှစ်ကျမ်းအောင် ၃၃ပါးနှင့် တစ်ကျမ်းအောင် အပါး ၅၀၊ အုပ်စု(၈) အဘိဓမ္မပိဋက (အဘိဓမ္မာ ပထမပိုင်း)နှစ်ကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၁၁ပါးနှင့် တစ်ကျမ်းအောင် ၁၁ပါး၊ အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက)(ဒုတိယပိုင်း) လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်တစ်ပါး၊ နှစ်ကျမ်းအောင် တစ်ပါးနှင့် တစ်ကျမ်းအောင် တစ်ပါး၊ အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက) အင်္ဂုတ္တိုရ်၏ အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် တစ်ပါးတို့ဖြစ်ကြသည်။

(၁၇)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးတွင် အုပ်စုရှစ်ခုနှင့် မဟာဝိဒူတန်းတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်းမှာ ၁၅၀၁ပါးတို့ဖြစ်ကြပြီး ယင်းအောင်စာရင်းအပြည့်အစုံကို စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များ၌ ကြည့်ရှုနိုင်ကြကြောင်း သာသနာရေးဦးစီး ဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်အဖွဲ့ဝင်များ ဖြစ်ကြသည့် မစ္စတာ ဟွမ်ဝူးရီ၊ မစ္စတာ ကင်မ်ဆဲယွန်းနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းအား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်အဖွဲ့ဝင်များတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းအား မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်အဖွဲ့ဝင်များဖြစ်ကြသည့် မစ္စတာဟွမ်ဝူးရီ၊ မစ္စတာကင်မ်ဆဲယွန်းနှင့်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာပတ်ကေချုံလိုက်ပါလျက် ယနေ့ ညနေ ၄နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ဝန်ကြီး ဦးညဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## မြို့အဝင်လမ်းဘေး မြေယာရှင်း ဆင်ပေါင်ဝဲ၌ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၁**

ဆင်ပေါင်ဝဲမြို့သာယာလှပရေးအတွက် မြို့ဝင်ဆိုင်းဘုတ်အနီးဝန်းကျင် ပန်းအလှပင်များစိုက်ပျိုးခြင်း၊ မြို့အဝင်လမ်းဘေး မြေယာရှင်းခြင်း အလှပြုပြင်ခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးမျိုးနိုင် ဩဂုတ် ၁၃ ရက်က ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများနှင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

● *ကျောဖုံးမှ*

လိုလိုလားလားနှင့် စိတ်ပါလက်ပါ အသက်ကယ်အင်္ကျီများကို ဝတ်ဆင်နေကြသည်။ ခရီးသည်တိုင်း၏ မျက်နှာ၌ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်သာသာ။ သမ္ပန်ပေါ်၌ ရောက်ရှိနေသည့် ခရီးသည်တိုင်း အသက်ကယ်အင်္ကျီ ကိုယ်စီဝတ်ထားသဖြင့် လိမ္မော်ရောင်လွှမ်းနေသည်။

**ထူးခြား**

ဆိပ်ကမ်း၌ ခရီးသည်များတင်ဆောင်နေသော သမ္ပန်၊ ဆိပ်ကမ်းမှ ခရီးသည်ပြည့်၍ မောင်းထွက်သွားသော သမ္ပန်၊ မြစ်လယ်ရေပြင်၌ မောင်းနှင်နေသောသမ္ပန်များပေါ်တွင် လိမ္မော်ရောင်အင်္ကျီများ အစီအရီ....။ ထူးခြားသော မြင်ကွင်းပင်ဖြစ်သည်။

သဘာဝဘေးနှင့် မတော်တဆမှုများကြောင့် သမ္ပန်စီးခရီးသည်များ အသက်အန္တရာယ်လုံခြုံမှုရရှိရန် အသက်ကယ်အင်္ကျီများ မဖြစ်မနေ ဝတ်ဆင်စေခြင်းဖြစ်သည်။ လျော့ကန်သင့်မြတ်သည့် စီစဉ်မှုပင်ဖြစ်သည်။ အသက်ကယ်အင်္ကျီမဝတ်ဆင်သည့် ခရီးသည်အား တင်ဆောင်ခြင်းမပြုရန် တားမြစ်ထားသည်။ မှန်ပါသည်။ တားမြစ်သင့်သည်။ အသက်အန္တရာယ်လုံခြုံရေးအတွက် အသိစိတ်ဓာတ်တော့ ရှိရပါမည်။

**စနစ်တကျ**

ရန်ကုန်ဆိပ်ကမ်း နယ်မြေအတွင်း ခရီးသည်နှင့် သမ္ပန်မောင်းနှင်သူများ အသက်ကယ်အင်္ကျီဝတ်မဝတ် စစ်ဆေးမှုများကို တာဝန်ရှိသူများက မပြတ်တမ်းစစ်ဆေးမှုလည်း တွေ့မြင်ရသည်။ စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေမှုဖြစ်သည်။ ကောင်းမွန်သည့်ဆောင်ရွက်ချက်ပင်။

ရန်ကုန်-ဒလပြေးဆွဲနေသော သမ္ပန်တစ်စင်းပေါ်၌ အသက်ကယ်အင်္ကျီများဝတ်ဆင်ထားပြီး ဆိပ်ကမ်းမှထွက်ခွာရန်ပြင်ဆင်နေသည်ကို တွေ့ရသဖြင့် သမ္ပန်ပေါ်မှ ခရီးသည်တစ်ဦးကို မြန်မာ့အလင်းက မေးမြန်းရာ "နာမည်က အငယ်မလို့ခေါ်ပါတယ်။ ဒလမြို့မှာနေပြီး ဈေးရောင်းတာပါ။ ရန်ကုန်နဲ့ဒလကို နေ့တိုင်းသမ္ပန်နဲ့ သွားလာနေတာမို့ အခုလိုအသက်ကယ်အင်္ကျီဝတ်ပြီး သမ္ပန်စီးရတာ ပိုပြီးလုံခြုံမှုရှိပါတယ်၊ကျွန်မတို့ခရီးသည်တွေ အရမ်းသဘောကျနေတာပါ" ဟု ပြောပြသည်။

**မြင်သာသောအရောင်**

အသက်ကယ်အင်္ကျီ၌ ဖော့ပြား လေးခုပါရှိသည်။ ရင်ဘက်တွင်ဖော့ပြားနှစ်ခု၊ ကျောဘက်တွင် ဖော့ပြားနှစ်ခုဖြစ်သည်။ ဝတ်ဆင်ရမှုအလွန်လွယ်ကူပြီး ရေထဲ၌ အချိန်နှစ်နာရီကြာ လူမနစ်မြုပ်ဘဲနေနိုင်သည်။ အဝေးမှ ထင်းခနဲ မြင်နိုင်ရန်လိမ္မော်ရောင်တောက်တောက်ကို အသုံးပြုထားခြင်းဖြစ်သည်။ ခရီးသည်တိုင်းအခမဲ့ဝတ်ဆင်နိုင်သည်။ စီစဉ်ပေးသူများအား ကျေးဇူးတင်စရာပင်။

**အသင့်ထားရှိ**

သမ္ပန်စီးခရီးသည်များ အသက်ကယ်အင်္ကျီဝတ်ဆင်မှုကို ၂၀၀၉ခုနှစ် ဇူလိုင် ၂၈ရက်က စတင်ခဲ့ခြင်းဖြစ်သည်။ သမ္ပန် မောင်းသူအပါအဝင် ခရီးသည်တိုင်းမဝတ် မနေရ။ သမ္ပန်တိုင်းပေါ်တွင် အသက်ကယ်အင်္ကျီများ အသင့်ထားရှိပေးထား သည်။ သမ္ပန်ပေါ်ရောက်သည်နှင့် ခရီးသည်များ အသက်ကယ်အင်္ကျီဝတ်ဆင်ရမည်ဖြစ်သည်။

**ပညာပေး**

အသက်ကယ်အင်္ကျီ မဝတ်ဆင်သည့် ခရီးသည်များနှင့် ကိုယ်တိုင်အသက်ကယ်အင်္ကျီမဝတ်ဘဲ သမ္ပန်မောင်းနှင်လာသူများကို စစ်ဆေးတွေ့ရှိပါက တာဝန်ရှိသူများက အရေးယူခြင်းခံရမည်ဖြစ်သည်။ ထိုသို့မဖြစ်စေရန် ခရီးသည်များ၊ သမ္ပန်မောင်းသူများ၊ သက်ဆိုင်ရာတာဝန်ရှိသူများကို သတိပေးခြင်း၊ နှိုးဆော်ခြင်း၊ ပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**ဖြစ်သင့်ဖြစ်ထိုက်**

ထို့ကြောင့်ဖြစ်မည်။ ခရီးသည်တင်သမ္ပန်များပေါ်တွင် အသက်ကယ်အင်္ကျီများကို အသင့်တွေ့ရသည်။ ခရီးသည်များကလည်း စနစ်တကျဝတ်ဆင်ထားသည်ကိုလည်း တွေ့မြင်ရသည်။ အားလုံးမှာ အသားတကျဖြစ်နေသည့် မြင်ကွင်း။ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်တွေ့အကောင်အထည်ဖော်မှု။

ထိုအစီအစဉ်ကို ရန်ကုန်-ဒလ၊ ရန်ကုန်-ဆိပ်ကြီးခနောင်တို၊ ရန်ကုန်-ကြည့်မြင်တိုင်(တစ်ဖက်ကမ်းအေးရွာ) စသည့်ဆိပ်ကမ်းနယ်မြေများ၌တစ်ပြေးညီ အကောင်အထည်ဖော်ထားသည်ဖြစ်ရာ ကောင်းမွန်သည့်ဆောင်ရွက်မှုဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းနယ်မြေအတွင်း အသက်ကယ်အင်္ကျီဝတ်ဆင်ကာ သမ္ပန်စီးသွားလာနေကြသည့် ခရီးသည်များ၏ မြင်ကွင်းကား စိတ်ချမ်းမြေ့စရာ။ နေ့စဉ်စားဝတ်နေရေးအတွက် လှုပ်ရှားနေရသူ သမ္ပန်စီးခရီးသွားများ၏ အသက်အန္တရာယ်လုံခြုံမှုအတွက် စီစဉ်ဆောင်ရွက်ပေးသူများကိုလည်း ကျေးဇူးတင်စရာ အမှန်ပင်....။ ။ **(မြန်မာ့အလင်း)**

စက်သမ္ပန်စီးခရီးသည်များ အသက်အန္တရာယ်လုံခြုံရေးအတွက် သတ်မှတ်စည်းကမ်းအတိုင်း အသက်ကယ်ဖောအင်္ကျီများ ဝတ်ဆင်မှု ရှိ /မရှိကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တာဝန်ရှိသူများက အသိပေးပြောကြားသည်။
ဓာတ်ပုံ-အောင်သန်း (မင်္ဂလာတောင်ညွန့်)

"အသက်ကယ်အင်္ကျီနဲ့သမ္ပန်စီးရတာ ပိုပြီးလုံခြုံမှုရှိပါတယ်"
အငယ်မ (ဈေးသည်)

# ခွင့်လွှတ်ရင်းနဲ့ မျှော်လင့်နေပါသည်

ငါးမင်းဆွေ

လွတ်လပ်ရေးကြီးနဲ့အတူ ပေါ်ပေါက်လာသော ပြည်တွင်း ဆူပူသောင်းကျန်းမှုများကြောင့် ကျိုက္ခမီသား ၃၀ခန့် ရင်နင့်ဖွယ်ရာ အသက်ဆုံးရှုံးခဲ့ရသော သက်ကယ်တောင် ကုန်းထိပ်တွင် ကျွန်တော် ငြိမ်သက်စွာ ရပ်နေမိပါသည်။ မိုးဦးလေရူးက တသုန်သုန် တိုက်ခတ်နေသည်။ လေရူးသုန်သုန်နှင့်အတူ ကျွန်တော်၏ စိတ်တို့သည် တဖျပ်ဖျပ် တုန်ခါရိုက်ခတ်လျက်ရှိပါသည်။

ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ဘေးစစ်ဒဏ်ကို အလူးအလိမ့်ခံခဲ့ရသော မြန်မာနိုင်ငံတွင် စစ်ပြီးဆုံးသွားသောအခါ လက်နက်ခဲယမ်းအကြွင်းအကျန် များစွာကျန်ရှိနေပါသည်။ စစ်ပြီးခါစ မြန်မာ့တပ်မတော်သည် အင်အားတောင့်တင်းခိုင်မာခြင်း မရှိသေးပါ။ ဤသို့သော အခြေအနေမျိုးတွင် လွတ်လပ်ရေးရရှိပါက မြန်မာနိုင်ငံတွင် သွေးချောင်းစီးမှုကြီး ဖြစ်ပေါ်လာနိုင်သည်ဟု အနောက်ခေါင်းဆောင်များက ပြောဆိုခဲ့ကြပါသည်။ သို့သော် နှစ်ပေါင်းများစွာ သူ့ကျွန်ဘ၀တွင် ရှင်သန်နေထိုင်ခဲ့ရသော မြန်မာတိုင်းရင်းသားတို့သည် လွတ်လပ်ရေးကို အာသာငမ်းငမ်း လိုချင်တောင့်တခဲ့ကြပါသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်ရေးကြီးရရှိလိုက်သောအခါ မြန်မာနိုင်ငံအဝန်း လွတ်လပ်ရေးအောင်ပွဲများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြပါသည်။ ကျိုက္ခမီမြို့တွင် လွတ်လပ်ရေးအောင်ပွဲကြီးကို ခြိမ့်ခြိမ့်သဲ ကျင်းပရုံတင်မက မြို့လယ်ကောင်တွင် လွတ်လပ်ရေး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကြီးကိုပါ စိုက်ထူခဲ့ကြပါသည်။ သူ့ကျွန်ဘ၀တွင် နေထိုင်ခဲ့ရသော မြန်မာတိုင်းရင်းသားများ မည်မျှပျော်ရွှင်ခဲ့ကြရမည်ကို မှန်းဆကြည့်နိုင်ပါသည်။

ယခု ဤသက်ကယ်တောင် ကုန်းထိပ်တွင် ရက်ရက်စက်စက် အသတ်ဖြတ်ခံခဲ့ရသော ကျိုက္ခမီသားတို့သည်လည်း လွတ်လပ်ရေးအောင်ပွဲကြီးကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြပေလိမ့်မည်။ လွတ်လပ်ရေးရပြီးလျှင် ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်သော မြန်မာနိုင်ငံတော်ကြီးသည် အေးချမ်းသာယာဖွံ့ဖြိုးလာလိမ့်မည်ဟု သူတို့ မျှော်လင့်ခဲ့ကြပေလိမ့်မည်။ သို့သော် သူတို့၏ မျှော်လင့်ချက်တို့ ဖြစ်မလာရုံတင်မက လွတ်လပ်ရေးကြီးနှင့်အတူပေါ်ပေါက်လာသော ဆူပူသောင်းကျန်းမှုများကြောင့် လွတ်လပ်ရေးရပြီး နှစ်နှစ်ခန့်အကြာတွင် သူတို့၏အသက်များပါ ဆုံးရှုံးခဲ့ကြရရှာသည်။ ထို့အတူ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကြည့်ပါက မြန်မာနိုင်ငံသား ထောင်သောင်းချီ၍ အသက်များ ဆုံးရှုံးခဲ့ရသည်။ နှစ်လေးဆယ်ကြာအောင် သောင်းကျန်းမှု စစ်မီးတဟုန်းဟုန်းတောက်လောင်ခဲ့ရပါသည်။ **အမှန်မှာ ကျွန်တော်တို့သည် လွတ်လပ်ရေးကိုရလျှင် လွတ်လပ်ရေးနှင့်ထိုက်တန်သော လူမျိုးဖြစ်ရန်လိုပါသည်။ ဒီမိုကရေစီရလျှင်လည်း ဒီမိုကရေစီနှင့်ထိုက်တန်သော လူမျိုးဖြစ်ရန် လိုပါသည်။ သို့မှသာ ရရှိသောလွတ်လပ်ရေး၊ ရရှိသော ဒီမိုကရေစီတို့ကို အကြောင်းပြုပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက် သာယာဝပြောအောင် ဖော်ဆောင်နိုင်ကြပေလိမ့်မည်။**

ကျွန်တော်သည် မိုးကာဂျာကင်အင်္ကျီဇစ်ကို အပေါ်ထိဆွဲစေ့လိုက်ပြီး ဆိုင်ကယ်ကို သက်ကယ်တောင်ကုန်းမှ မောင်းထွက်လိုက်ပါသည်။ သက်ကယ်တောင်မှ ထွက်လာသောအခါ နီးပဒေါရွာနှင့် ကွမ်လှာရွာထိပ်တို့တွင် စားသောက်ဆိုင်များဖြင့် စည်စည်ကားကားဖြစ်နေသည်ကို တွေ့ရပါသည်။ ယခင်က နေ့ဘက်တွင်ပင် ကားလမ်းဓားပြ မကြာခဏတိုက်သော နေရာများဖြစ်သည်။ ယခုတော့ နေ့ညမရွေး အေးချမ်းသာယာစွာ သွားလာနေနိုင်ကြပါပြီ။ သံဖြူဇရပ်မြို့သို့ ဝင်လိုက်သောအခါ ည ၁၀နာရီခွဲခန့် ရှိနေပါပြီ။ သံဖြူဇရပ်မြို့အထွက် ဝါဂရူရွာရောက်သောအခါ မိုးက ရုတ်တရက် သဲသဲမဲမဲ ရွာချလိုက်ပါသည်။ ကျွန်တော့်တစ်ကိုယ်လုံး စိုရွှဲကုန်ပြီး ခိုက်ခိုက်တုန်အောင် ချမ်းလာပါသည်။ ဝါဂရူရွာအထွက် ရွှေရင်ကွေ့အနီးရှိ 'ဥသြသံ' စင်တင်တေးဂီတဆိုင်လေးက မပိတ်သေးပါ။ ကျွန်တော်သည် ထိုဆိုင်ရှေ့တွင် ဆိုင်ကယ်ကို ထိုးရပ်လိုက်ပါသည်။ ဆိုင်ထဲဝင်ပြီး ကျောပိုးအိတ်ထဲပါလာသော အဝတ်အစားများဖြင့်လဲလှယ်ဝတ်ဆင်လိုက်ပါသည်။ ဤရွှေရင်ကွေ့နေရာလေးသည်လည်း ယခင်က ကားလမ်းဓားပြတိုက်သော နေရာဖြစ်ပါသည်။ ဟိုအရင်က ရွှေရင်ကွေ့ရောက်လျှင် ကျွန်တော်တို့ ရင်တထိတ်ထိတ်ဖြစ်ခဲ့ရသည်။ ယခုတော့ ခရီးပန်းလာသော ကျွန်တော့်အား ဤရွှေရင်ကွေ့နေရာလေးတွင် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်နေကြပါသည်။ မိုးက အဆက်မပြတ်ရွာနေ၍ 'ဥသြသံ' ဆိုင်တွင်ပင် တစ်နေ့ကူးပြောင်းခဲ့ရပြီး နံနက်၁နာရီထိုးခါနီးမှ 'ဥသြသံ'ကို ခွဲခွာနှုတ်ဆက်ခဲ့ရပါသည်။ နံနက် ၁နာရီခွဲခန့်တွင် ထန်းပင်ထန်းလက်များဖြင့် ဝေဝေဆာဆာဖြစ်နေသော ကျိုက္ခမီမြို့အဝင်လမ်းသို့ ရောက်ရှိလာပါသည်။ "မိုး....တိမ်ယံအာကာဝယ်၊ ယာလယ်ပြင်လမ်းမှာလ၊ ထန်းပင်ထန်းလက်ထန်းရွက်တွေနဲ့ အသွယ်သွယ်ပါ မောင်ရယ်၊ မြရင်တို့ရွာရိုးရာဇာတိနွှယ်"ဆိုသည့် လေဘာတီမမြရင်၏ သီချင်းကို သတိရလိုက်မိပါသည်။ မြရင်တို့ရွာနှင့် မင်းဆွေတို့ရွာသည် အတူတူပင်ဖြစ်သည်ဟု တွေးမိပြီး ကျွန်တော် ပြုံးလိုက်မိပါသည်။

ကျိုက္ခမီမြို့ထဲဝင်လိုက်ရာ တစ်မြို့လုံး မှောင်နေပါသည်။ ကျိုက္ခမီသားတို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြပေလိမ့်မည်။ လမ်းမပေါ်တွင် လူတစ်ယောက်မျှ မတွေ့ရ၊ ကျိုက္ခမီသားများသာမက ကျိုက္ခမီမြို့လေးပါ အိပ်မောကျနေပါပြီ။ ကျိုက္ခမီမြို့အထိ မဟာဓာတ်အားလိုင်း သွယ်တန်းရောက်ရှိနေပါပြီ။ ထို့ကြောင့် မကြာမီ ကျိုက္ခမီမြို့လေး မီးလင်းလာပါတော့မည်။

ပင်လယ်ပြင်ကို မျက်နှာမူထားသော နွေးထွေးသည့် အမေ့အိမ်ကို ဝင်လိုက်သောအခါ အမေ အိပ်ပျော်နေပါပြီ။ အမေသည် အိပ်ရာထဲ ဗုန်းဗုန်းလဲနေသည်မှာ ငါးနှစ်ခန့် ရှိပါပြီ။ အမေ့ကို တဝကြီးကြည့်ပြီးနောက် အမေ့ခုတင်နံဘေး ကြမ်းပြင်ပေါ်တွင် ဖျာတစ်ချပ်ခင်းပြီး ကျွန်တော် အိပ်လိုက်ပါသည်။ နံနက်မိုးစင်စင်လင်းမှ ကျွန်တော် နိုးခဲ့ပါသည်။ အမေက သား ညကြီးအချိန်မတော် ကျိုက်ထိုကနေ ကျိုက္ခမီထိ ဆိုင်ကယ်နဲ့လာတာ ပင်ပန်းလိုက်တာဟု ဆိုလိုက်ပါသည်။ အမေသည် ကျွန်တော့် ပင်ပန်းနွမ်းနယ်မှုများကို သူပင်ပန်းရသည့်သဖွယ် ခံယူလိုက်ပါသည်။ အမေ၏ မေတ္တာစကားကြောင့် ကျွန်တော်၏ ပင်ပန်းနွမ်းနယ်မှုများ တစ်မုဟုတ်ချင်း ပပျောက်သွားရပါသည်။ အမေနှင့် စကားပြောနေစဉ် အစ်မငယ်က ဖုန်းဆက်လာပါသည်။ သူ့အိမ်တွင် နံနက်စာလာစားပါဟု ဆိုလာပါသည်။

အစ်မငယ်အိမ်သို့ မြို့လယ် လမ်းမကြီးအတိုင်း ဆိုင်ကယ်ကို မောင်းလာပါသည်။ ကျိုက္ခမီမြို့လေးသည် ညကလို အိပ်ပျော်မနေတော့ပါ။ နွေးထွေးသော နေရောင်ခြည်အောက်တွင် လှုပ်လှုပ်ရှားရှားဖြစ်နေပါပြီ။ လမ်းမကြီးဘေးတစ်လျှောက်တွင် သစ်လွင်လှပသော နှစ်ထပ်တိုက်၊ တစ်ထပ်တိုက်နှင့် အိမ်ကြီးအိမ်ကောင်းများကို တွေ့ရပါသည်။ အာစီကွန်ကရစ်တိုင်လုံးကြီးများနှင့် ခံ့ညားထည်ဝါသော အိမ်ကြီးအိမ်ကောင်းများနှင့် ၄င်းအိမ်ကြီးများရှေ့တွင် ပါရာဒို၊ ဆပ်၊ ဗင်ကားများ ရပ်ထားသည်ကိုလည်း တွေ့မြင်ရပါသည်။ ကားတစ်စီး သိန်းငါးရာ တစ်ထောင် ဖြစ်နေတာတောင် ကျိုက္ခမီတွင် လိုင်စင်နံပါတ်ရကား ၂၅စီးလောက် ရှိပါသည်။ ပြည်နယ်လိုင်စင်ပေးပြီး ကားတစ်စီး သိန်းသုံးလေးဆယ်သာဖြစ်သွားလျှင် ကျိုက္ခမီတွင် ကိုယ်ပိုင်ကားအစီးသုံးလေးရာခန့် ဖြစ်သွားနိုင်ပါသည်။ ကျိုက္ခမီမြို့လေး၏ မြင်ကွင်းသည် လွန်ခဲ့သော အနှစ်နှစ်ဆယ်က မြင်ကွင်းနှင့် လုံးဝမတူဘဲ တိုးတက်ပြောင်းလဲနေပါပြီ။ လွန်ခဲ့သော အနှစ်နှစ်ဆယ်က ဒီလိုသစ်လွင်လှပသပ်ရပ်သော အိမ်ကောင်းများကို ကျိုက္ခမီတွင် မတွေ့ရပါ။ မာဇဒါလေးဘီးကားလေး တစ်စီးပင် ကျိုက္ခမီသားတို့ ဝယ်မစီးနိုင်ကြပါ။ ဆိုင်ကယ်ဆိုလျှင်လည်း တစ်မြို့လုံးမှ ဆိုင်ကယ်စုတ်စုတ် ဆယ်စီးလောက်သာ ရှိပါသည်။ ယခုတော့ သစ်လွင်လှပသော ...

ဟွန်ဒါဆိုင်ကယ်များ ပျားပန်းခပ်
တွေ့မြင်ရပါသည်။
အစ်မငယ်အိမ်တွင် ကျွန်တော်[…]
ခါးကို အားပါးတရစားပြီးနောက်
ဆိုက်ကပ်ရာ ကျားဆိပ်ဘက်သို့ ထွက်[…]
မြို့၏ လမ်းကြိုလမ်းကြားများမှာ ယခ[…]
ဖြစ်ကြသည်။ နွေဆို ဖုန်တထောင်း[…]
တွင် ရွှံ့ဗွက်ပေါက်သော လမ်းများဖြ[…]
တော့ ထိုလမ်းကြိုလမ်းကြားများမှာ က[…]
ကြပါပြီ။ ကျားဆိပ်သို့သွားရာ လမ်းတ[…]
ခနိမိုး၊ ခနိကာ၊ ဝါးထရံကာ အိမ်က[…]
အခါ တိုက်အိမ်၊ ပျဉ်ကာပျဉ်ခင်းအိမ်[…]
ကျားဆိပ်တွင် ငါးအဝယ်ဒိုင်များကို
တွေ့ရပါသည်။ ညီဝမ်းကွဲတော်သူ ဦး[…]
ဒိုင်သို့ ကျွန်တော်ရောက်သွားပါသည်။
က ကျွန်တော့်အား ပင်လယ်ပြင်မှ ဖမ်း[…]
ငါးအမျိုးမျိုးကို လိုက်လံပြသပါသည်[…]
ယခုအခါ ပြည်ပဈေးကွက်ရရှိခြင်း[…]
တိုက်တွေ၊ ကားတွေနဲ့ ဖြစ်ကုန်ကြပ[…]
ကျွန်တော် ဝမ်းသာကျေနပ်မိပါသည်[…]
ကျိုက္ခမီမြို့အနီး ရဲလှရွာသားဖြစ်ပြီး
နှစ်ဆယ်လောက်က တောထင်းခုတ်[…]
လုပ်ကိုင်စားသောက်ခဲ့ရသူဖြစ်သည်။ […]
ပါပြီ။ ယခု ကျိုက္ခမီတွင် ဦးခင်ဝင်းကဲ့[…]
အများစုမှာ ယခင်က လက်လုပ်လက်[…]
သည်။ သူတို့သည် ငါးဖမ်းလှေလုပ်ငန်[…]
တို့ကို ရိုးသားကြိုးစားစွာ လုပ်ကိုင်ကြ[…]
သူများ ဖြစ်ကြပါသည်။
ကျိုက္ခမီ ငါးဖမ်းလှေဆိပ်မှနေ၍[…]
သို့ထွက်လာပါသည်။ ဘုရားဂေါပကရုံ[…]
ရပ်လိုက်သည်။ ဂေါပကရုံးတွင် ဂေါပ[…]
နှင့် အတွင်းရေးမှူး ဦးအောင်သန်း[…]
"အစ်ကိုတို့ရေ၊ ခုလေးတင်ပဲ ကျိုက္ခ[…]
ကြည့်ရှုခဲ့ပါတယ်။ ဒီအနှစ်နှစ်ဆယ်အ[…]
တော်တော်ပြောင်းလဲတိုးတက်သွားပါပြ[…]
က ပါလာတဲ့ CDMA ဖုန်းကလ[…]
ရန်ကုန်ထက်တောင် ပြောလို့ကောင်း[…]
ကျွန်တော်က ပြောမိပါသည်။ "လွန်[…]
လောက်ကဆို ကျိုက္ခမီသားများသ[…]
CDMA ဖုန်းတို့မပြောနဲ့ လက်လှည့်ဖု[…]
မသုံးနိုင်ခဲ့ကြဘူး။ အခု ကျိုက္ခမီမှာ
အလုံးလေးရာရှိနေပြီ"ဟု ဦးသိန်းဝ[…]
ကျိုက္ခမီမြို့လေးအနေနဲ့ဆိုလျှင် အော်[…]
သည် တော်တော်များတဲ့ အချိုးအစား[…]
CDMA လက်ကိုင်ဖုန်းလည်း အလုံ[…]
ရှိမည်ထင်ပါသည်။
ဘုရားကုန်းတော်ပေါ်၌လည်း […]
အအုံတွေတော်တော်များများအကွက်ကျ[…]
ကိုတွေ့ရပါသည်။ "ဘုရားကုန်းတော်[…]
တည်းခိုရန် နှစ်ထပ်တည်းခိုဆောင် နှစ်[…]
ဆောင် နှစ်လုံး၊ အဆင့်မြင့်ဧည့်ရိပ်သ[…]
ဘုရားဖူးဦးရေ တစ်ထောင် တစ်ပြိုင်[…]
သက်သာ တည်းခိုနိုင်အောင် လုပ်ထာ[…]
ဥက္ကဋ္ဌ ဦးသိန်းဝင်းက ရှင်းပြပါသည်[…]
ဘုရားသည် ပင်လယ်ထဲတွင် တည်ရှိ[…]
မိုးပုံ့စကြံလမ်း ဖောက်လုပ်ထားခြင်[…]
မရွေး အေးချမ်းလုံခြုံစွာ ရေလယ်ဘုရ[…]
ဝတ်ပြုနိုင်ပါသည်။ ကျွန်တော်သည် […]
ကို ဝတ်ပြုရှိခိုးပြီးနောက် ရှုခင်းသာဘ[…]
သည်။ ရှုခင်းသာရှိ အုတ်ခုံပေါ်တွင် […]
သန္တာကျောက်တန်းများ စီခြယ်ထားသ[…]
သော ပင်လယ်ပြင်ကြီး၏ အလှအပ[…]
ကျိုက္ခမီမြို့လေးအကြောင်းနှင့် ကျွန်[…]
တို့ကို တွေးတော စဉ်းစားကြည့်လို[…]

> အနောက်အုပ်စုနိုင်ငံများ၏ စီးပွားဒဏ်ခတ်ပိတ်ဆို့မှုများကြားမှပင် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ညီညွတ်စွာ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး နိုင်ငံအဆင့်မှ ရုန်းထွက်နိုင်ခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပါသည်။ အကယ်၍သာ ဆန့်ကျင်ဘက်အုပ်စုများအနေဖြင့် မိမိအလိုဆန္ဒများကို ရှေ့တန်းမတင်ဘဲ နိုင်ငံနှင့် လူမျိုးအကျိုးကို ရှေးရှုကာ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကတည်းက စီးပွားရေးပိတ်ဆို့မှုများကို မတောင်းဆိုခဲ့ဘဲ အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါလျှင် မြန်မာနိုင်ငံသည် ယခုထက် အဆပေါင်းများစွာ ပို၍ ဖွံ့ဖြိုးတိုးတက်နေလောက်ပါပြီ။

ဟွန်ဒါဆိုင်ကယ်များ ပျားပန်းခပ် သွားလာနေသည်ကို တွေ့မြင်ရပါသည်။

အစ်မငယ်အိမ်တွင် ကျွန်တော်ကြိုက်သော မုန့်ဟင်းခါးကို အားပါးတရစားပြီးနောက် ငါးဖမ်းစက်လှေများ ဆိုက်ကပ်ရာ ကျားဆိပ်ဘက်သို့ ထွက်လာပါသည်။ ကျိုက္ခမီမြို့၏ လမ်းကြိုလမ်းကြားများမှာ ယခင်က မြေသားလမ်းများ ဖြစ်ကြသည်။ နွေဆို ဖုန်တထောင်းထောင်းထပြီး မိုးရာသီတွင် ရွှံ့ဗွက်ပေါက်သော လမ်းများဖြစ်ကြသည်။ ယခုအခါတော့ ထိုလမ်းကြိုလမ်းကြားများမှာ ကတ္တရာလမ်းများ ဖြစ်နေကြပါပြီ။ ကျားဆိပ်သို့သွားရာ လမ်းတစ်လျှောက်ရှိ ယခင်က ဓနိမိုး၊ ဓနိကာ၊ ဝါးထရံကာ အိမ်ကလေးများမှာလည်း ယခုအခါ တိုက်အိမ်၊ ပျဉ်ကာပျဉ်ခင်းအိမ်များ ဖြစ်နေကြပါပြီ။ ကျားဆိပ်တွင် ငါးအဝယ်ဒိုင်များကို စည်စည်ကားကား တွေ့ရပါသည်။ ညီဝမ်းကွဲတော်သူ ဦးခင်ဝင်း၏ ငါးအဝယ်ဒိုင်သို့ ကျွန်တော်ရောက်သွားပါသည်။ ညီဖြစ်သူ ဦးခင်ဝင်းက ကျွန်တော့်အား ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ပင်လယ်ငါးအမျိုးမျိုးကို လိုက်လံပြသပါသည်။ ပင်လယ်ငါးများမှာ ယခုအခါ ပြည်ပဈေးကွက်ရရှိခြင်းကြောင့် သူတို့တစ်တွေ တိုက်တွေ၊ ကားတွေနဲ့ ဖြစ်ကုန်ကြပါကလားဟု တွေးပြီး ကျွန်တော် ဝမ်းသာကျေနပ်မိပါသည်။ ဦးခင်ဝင်းသည် ကျိုက္ခမီမြို့အနီး ရဲလှရွာသားဖြစ်ပြီး လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်က တောထင်းခုတ်ကာ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်စားသောက်ခဲ့ရသူဖြစ်သည်။ ယခုတော့ ချမ်းသာနေပါပြီ။ ယခု ကျိုက္ခမီတွင် ဦးခင်ဝင်းကဲ့သို့ ချမ်းသာနေကြသူ အများစုမှာ ယခင်က လက်လုပ်လက်စားများသာ ဖြစ်ကြသည်။ သူတို့သည် ငါးဖမ်းလှေလုပ်ငန်း၊ ရော်ဘာခြံလုပ်ငန်းတို့ကို ရိုးသားကြိုးစားစွာ လုပ်ကိုင်ကြပြီး ချမ်းသာလာကြသူများ ဖြစ်ကြပါသည်။

ကျိုက္ခမီ ငါးဖမ်းလှေဆိပ်မှနေ၍ ရေလယ်ဘုရားဘက်သို့ထွက်လာပါသည်။ ဘုရားဂေါပကရုံးရှေ့တွင်ဆိုင်ကယ်ကို ရပ်လိုက်သည်။ ဂေါပကရုံးတွင် ဂေါပကဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အတွင်းရေးမှူး ဦးအောင်သန်းတို့ ရှိနေကြပါသည်။ “အစ်ကိုတို့ရေ၊ ခုလေးတင်ပဲ ကျိုက္ခမီမြို့အနှံ့ကို လိုက်လံကြည့်ရှုခဲ့ပါတယ်။ ဒီအနှစ်နှစ်ဆယ်အတွင်းမှာ ကျိုက္ခမီမြို့က တော်တော်ပြောင်းလဲတိုးတက်သွားပါပြီ။ ကျွန်တော် ရန်ကုန်က ပါလာတဲ့ CDMA ဖုန်းကလည်း ကျိုက္ခမီရောက်မှ ရန်ကုန်ထက်တောင် ပြောလို့ကောင်းနေသေးတယ်” ဟု ကျွန်တော်က ပြောမိပါသည်။ “လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကဆို ကျိုက္ခမီသားများသည် အော်တိုဖုန်းတို့၊ CDMA ဖုန်းတို့မပြောနဲ့ လက်လှည့်ဖုန်းလေးတစ်လုံးတောင် မသုံးနိုင်ခဲ့ကြဘူး။ အခု ကျိုက္ခမီမှာ အော်တိုတယ်လီဖုန်း အလုံးလေးရာရှိနေပြီ” ဟု ဦးသိန်းဝင်းက ပြောပါသည်။ ကျိုက္ခမီမြို့လေးအနေနဲ့ဆိုလျှင် အော်တိုဖုန်း အလုံးလေးရာသည် တော်တော်များတဲ့ အချိုးအစားလို့ပဲ ပြောရပါမည်။ CDMA လက်ကိုင်ဖုန်းလည်း အလုံး ငါးဆယ်လောက် ရှိမည်ထင်ပါသည်။

ဘုရားကုန်းတော်ပေါ်၌လည်း သာသနိကအဆောက်အအုံတွေတော်တော်များများအကွက်ကျကျတိုးတက်လာသည်ကိုတွေ့ရပါသည်။ “ဘုရားကုန်းတော်ပေါ်တွင် ဘုရားဖူးများ တည်းခိုရန် နှစ်ထပ်တည်းခိုဆောင် နှစ်လုံး၊ တစ်ထပ်တည်းခိုဆောင် နှစ်လုံး၊ အဆင့်မြင့်ဧည့်ရိပ်သာ တစ်လုံးရှိနေပါပြီ။ ဘုရားဖူးဦးရေ တစ်ထောင် တစ်ပြိုင်တည်း သက်သောင့်သက်သာ တည်းခိုနိုင်အောင် လုပ်ထားပြီးပြီ” ဟု ဂေါပကဥက္ကဋ္ဌ ဦးသိန်းဝင်းက ရှင်းပြပါသည်။ ကျိုက္ခမီ ရေလယ်ဘုရားသည် ပင်လယ်ထဲတွင် တည်ရှိသော်လည်း ယခုအခါ မိုးပျံစကြံလမ်း ဖောက်လုပ်ထားခြင်းကြောင့် အချိန်အခါမရွေး အေးချမ်းလုံခြုံစွာ ရေလယ်ဘုရားဆီသို့ သွားရောက်ဝတ်ပြုနိုင်ပါသည်။ ကျွန်တော်သည် ကျိုက္ခမီရေလယ်ဘုရားကို ဝတ်ပြုရှိခိုးပြီးနောက် ရှုခင်းသာဘက်ဆီသို့ ထွက်လာပါသည်။ ရှုခင်းသာရှိ အုတ်ခုံပေါ်တွင် ထိုင်ချလိုက်ပါသည်။ သန္တာကျောက်တန်းများ စီခြယ်ထားသဖြင့် လှချင်တိုင်းလှနေသော ပင်လယ်ပြင်ကြီး၏ အလှအပကို ကြည့်ရှုခံစားရင်း ကျိုက္ခမီမြို့လေးအကြောင်းနှင့် ကျွန်တော်တို့နိုင်ငံအကြောင်းတို့ကို တွေးတော စဉ်းစားကြည့်လိုက်မိပါသည်။

**ကျိုက္ခမီမြို့လေးသည် လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်နှင့် လုံးဝ မတူတော့ဘဲ တိုးတက်ပြောင်းလဲခဲ့ပါပြီ။ ထို့အတူ မြန်မာနိုင်ငံအရပ်ရပ်ရှိ မြို့ရွာအသီးသီးသည်လည်း လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်ကနှင့် မတူဘဲ တိုးတက်ပြောင်းလဲခဲ့ကြပါပြီ။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်ကြီး အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးတိုးတက်လာသည်မှာ ဘာမှ အငြင်းပွားနေစရာမလိုပါ။ အနောက်အုပ်စု၏ စီးပွားရေးပိတ်ဆို့မှုများသာ မရှိခဲ့လျှင် ယခုထက် အဆပေါင်းများစွာ ပို၍ တိုးတက်ဖွံ့ဖြိုးစည်ပင်နေမည်မှာ အမှန်ပင်ဖြစ်ပါသည်။**

ကျွန်တော်၏ ရှေ့တည့်တည့်တွင်ရှိနေသော ပင်လယ်ပြင်ကြီးသည် မြန်မာတို့၏ပိုင်နက် ပင်လယ်ပြင်ကြီး ဖြစ်ပါသည်။ ဤပင်လယ်ပြင်ကြီးနှင့် မြန်မာနိုင်ငံသည် ကမ်းရိုးတန်း အရှည်မိုင်ပေါင်း ၁၅၀၀ကျော် ဆက်စပ် တည်ရှိနေပါသည်။ ဤပင်လယ်ပြင်ကြီးမှနေ၍ ကမ္ဘာအရပ်ရပ်သို့ မြန်မာတို့ ကူးသန်းရောင်းဝယ်နိုင်ကြပါသည်။ ဤပင်လယ်ပြင်ကြီးမှ သားငါးပုစွန် အမြောက်အမြား ထွက်ရှိပါသည်။ ဆားကိုလည်း ဤပင်လယ်ပြင်ကြီးမှပင် မကုန်မခန်း ထုတ်လုပ်နိုင်ပါသည်။ ဤပင်လယ်ပြင်ကြီးမှ ရေနံ၊သဘာဝဓာတ်ငွေ့နှင့် ပုလဲရတနာ အမြောက်အမြားထွက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်းကို ပြန်ကြည့်လျှင်လည်း အဖိုးတန် သစ်တောကြီးများ၊ မြေဩဇာကောင်းသော လယ်ယာဥယျာဉ်ခြံမြေများ၊ အဖိုးတန်သတ္တုတွင်းများ၊ ကျောက်မျက်ရတနာတွင်းများ၊ သားငါးပုစွန်နှင့် လျှပ်စစ်စွမ်းအင်တို့ကို အမြောက်အမြားထုတ်လုပ်နိုင်သော မြစ်ချောင်းအင်းအိုင်များ ပေါကြွယ်လှပါသည်။ ဤသို့ သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံ ဧကန်ဖြစ်လာသင့်ပါသည်။

**လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ နှစ်ပေါင်းလေးဆယ် ကာလကြာအောင် နိုင်ငံရေးသွေးကွဲမှုများ၊ လူမျိုးရေးအမြင် ကျဉ်းမြောင်းမှုများကြောင့် နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုပျက်ယွင်းခဲ့ရပါသည်။ ထိုသို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းခဲ့ခြင်းကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး နိုင်ငံအဖြစ်သို့ ရောက်ရှိသွားခဲ့ရပါသည်။ ဤသည်မှာ အလွန်ဝမ်းနည်းစရာကောင်းပါသည်၊ ရှက်စရာကောင်းပါသည်၊ မခံချင်စရာလည်း ကောင်းပါသည်။ ၁၉၈၈နောက်ပိုင်းတွင် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့သည် အတိတ်မှ ခါးသီးသော သင်ခန်းစာများကိုရယူပြီး နိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်ခဲ့ကြပါသည်။ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုရအောင် ဦးစွာဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံအဆင့်မှ ရုန်းထွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။**

**ဤသို့ အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် လက်တွဲကြိုးပမ်းနေချိန်တွင် ဆန့်ကျင်ဘက် အုပ်စုများက အာဏာလွှဲပေးရေးကို ရှေ့တန်းတင် တောင်းဆိုလာပါသည်။ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မရှိဘဲ အာဏာလွှဲပေးပါက နိုင်ငံတော်တွင် ထိန်းမနိုင်သိမ်းမနိုင် အခြေအနေများ ပေါ်ပေါက်လာနိုင်ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပြီး ပြည်ထောင်စုကြီးပါ ပြိုကွဲသွားနိုင်ပါသည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး (၃)ပါးသည် မြန်မာနိုင်ငံတော်ကြီး၏ အသက်ဝိညာဉ်ဖြစ်ပါသည်။ တပ်မတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံတော်ကြီး၏ အသက်ဝိညာဉ်ကို ဘယ်လိုမှ အဆုံးရှုံးခံမည် မဟုတ်ပါ။ ဤတွင် ဆန့်ကျင်ဘက်အုပ်စုအနေဖြင့် သူတို့၏ တစ်ဖက်သတ်တောင်းဆိုချက်များ မအောင်မြင်သောအခါ စီးပွားရေးအင်အားကြီး အနောက်အုပ်စုနိုင်ငံများအား မြန်မာနိုင်ငံကို စီးပွားဒဏ်ခတ် ပိတ်ဆို့မှု မိုက်မဲစွာ တောင်းဆိုခဲ့ပါသည်။ သူတို့တောင်းဆိုသည့်အတိုင်း ထိုနိုင်ငံများကလည်း မြန်မာနိုင်ငံကို စီးပွားဒဏ်ခတ် ပိတ်ဆို့ခဲ့ကြပါသည်။**

**ယခုအခါ နိုင်ငံတော်တွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်နေပြီဖြစ်ပါသည်။ ဤခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိအောင် အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြပါတော့မည်။ ဤသို့သောအခြေအနေမျိုးတွင် အတည်ပြုပြဋ္ဌာန်းပြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဟန့်တားနေဦးမည်လား၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာကာ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်မည်လားဆိုသည်ကို သက်ဆိုင်သူအားလုံး ရွေးချယ်ဆုံးဖြတ်ရပါတော့မည်။**

**ထိုစီးပွားရေးပိတ်ဆို့မှုများကြောင့် နိုင်ငံနှင့်ပြည်သူအတွက် ထိခိုက် ဆုံးရှုံးနစ်နာမှုများ ရှိခဲ့ရပါသည်။ ပြည်ပ ရင်းနှီးမြှုပ်နှံမှုပေါင်းများစွာ ပြန်လည် ထွက်ခွာသွားခဲ့ကြပြီး ပြည်သူတို့၏ အလုပ်အကိုင် အခွင့်အလမ်းပေါင်း များစွာလည်း ဆုံးရှုံးသွားခဲ့ရပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများလည်း လက်လွှတ်ခဲ့ရပါသည်။ သို့သော် အနောက်အုပ်စုနိုင်ငံများ၏ စီးပွားဒဏ်ခတ် ပိတ်ဆို့မှုများကြားမှပင် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ညီညွတ်စွာ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး နိုင်ငံအဆင့်မှ ရုန်းထွက်နိုင်ခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပါသည်။ အကယ်၍သာ ဆန့်ကျင်ဘက်အုပ်စုများအနေဖြင့် မိမိအလိုဆန္ဒများကို ရှေ့တန်းမတင်ဘဲ၊ နိုင်ငံနှင့် လူမျိုးအကျိုးကို ရှေးရှုကာ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကတည်းက စီးပွားရေးပိတ်ဆို့မှုများကို မတောင်းဆိုခဲ့ဘဲ အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါလျှင် မြန်မာနိုင်ငံသည် ယခုထက် အဆပေါင်းများစွာ ပို၍ ဖွံ့ဖြိုးတိုးတက်နေလောက်ပါပြီ။**

ကျွန်တော့်အနေဖြင့် ယခုလို ရေးသားတင်ပြနေခြင်းသည် တစ်ဦး တစ်ယောက်၊ တစ်သင်းတစ်ဖွဲ့အပေါ် အပြစ်တင်လို၍၊ ရှုတ်ချလို၍မဟုတ်ပါ။ ပြီးခဲ့တာတွေကို သင်ခန်းစာယူနိုင်ပါရန်၊ မှားခဲ့တာတွေကို ပြင်ဆင်နိုင်ပါရန် ရိုးသားစွာ ရေးသားတင်ပြနေခြင်း ဖြစ်ပါသည်။ **ကျွန်တော်တို့ မြန်မာများသည် မိမိကို ထိခိုက်နစ်နာအောင် လုပ်ခဲ့သူများအပေါ် ရန်ငြိုးမထားတတ်ကြပါ။ အာဃာတ မထားတတ်ကြပါ။ မေတ္တာဖြင့်သာ ခွင့်လွှတ်တတ်ကြပါသည်။ ပုထုဇဉ်ပီပီ မသိမိုက်မှားခဲ့သော ၎င်းတို့၏ အတိတ်က လုပ်ရပ်များ၊ အမှားများကို ကျွန်တော်တို့ ခွင့်လွှတ်နိုင်ကြပါသည်။ သို့သော် ကာယကံရှင်များအနေဖြင့် မိမိမှားခဲ့သော အမှားများကိုတော့ သင်ခန်းစာယူတတ်ရန် လိုပါသည်။ မိမိအမှားများကို ပြုပြင်ရန်လိုပါသည်။**

ယခုအခါ နိုင်ငံတော်တွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်နေပြီဖြစ်ပါသည်။ ဤခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိအောင် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြပါတော့မည်။ ဤသို့သော အခြေအနေမျိုးတွင် အတည်ပြု ပြဋ္ဌာန်းပြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဟန့်တားနေဦးမည်လား၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့် လက်တွဲပူးပေါင်းဆောင်ရွက်မည်လား ဆိုသည်ကို သက်ဆိုင်သူအားလုံး ရွေးချယ်ဆုံးဖြတ်ရပါတော့မည်။ မြန်မာပြည်သူတို့သည် ဆန့်ကျင်ဘက်အုပ်စုများ၏ အဓိကအတန့်အမှားများကို မေတ္တာဖြင့်ခွင့်လွှတ်ရင်း ၎င်းတို့ထံမှ တုံ့လှည့်မေတ္တာကို မျှော်လင့်နေကြောင်း တင်ပြလိုက်ရပါသည်။ ။

# နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းကျောင်းများ
## သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၁

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန တနင်္သာရီတိုင်း မြိတ်မြို့အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၅၁) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၂)ဆင်းပွဲကို ဩဂုတ် ၁၄ ရက်က သင်တန်းကျောင်းခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက် အမှာစကားပြောကြားသည်။ သင်တန်းတွင် သင်တန်းသူ ၄၀ တက်ရောက် အောင်မြင်ခဲ့ကြောင်း သိရသည်။**

### လားရှိုးမြို့

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၅၁)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၂၃)နှင့် အိမ်တွင်းမှု လက်မှုသင်တန်း(ကြိမ်/ဝါး) အမှတ်စဉ်(၅)ဆင်းပွဲကို ဩဂုတ် ၁၄ရက်က သင်တန်းကျောင်းခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်အမှာစကား ပြောကြားသည်။

### လွိုင်ကော်မြို့

ထို့အတူ ကယားပြည်နယ် လွိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၄၄)၊ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၂၃)နှင့် သိုးမွေးစက်ဆွဲသင်တန်းအမှတ်စဉ်(၄)ဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

အလားတူ တနင်္သာရီတိုင်း ကော့သောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်၊ ကရင်ပြည်နယ်ဘားအံ၊ မြဝတီ၊ မွန်ပြည်နယ် မုဒုံ၊ ရေး၊ ကချင်ပြည်နယ် ပူတာအို၊ဗန်းမော်၊ ဒွန်ဘန်၊ ဒေါ့ဖုန်းယန်နှင့် မကွေးတိုင်းပခုက္ကူ၊ရေစကြို၊ မြိုင်၊ပေါက်၊ဆိပ်ဖြူမြို့များရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းဆင်းပွဲများကိုလည်း သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီး၌ ကျင်းပခဲ့ကြောင်းနှင့် တက်ရောက်ခဲ့သည့် သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းသို့ အသွားအပြန် ခရီးစရိတ်များ၊ နေထိုင်စားသောက်စရိတ်များနှင့် သင်တန်းသုံး ပစ္စည်းများမှာ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၇ရက်က ညောင်ရွှေမြို့ အဝင်ဆိုင်းဘုတ်တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# သစ်ဆိပ်၊ သစ်စက်နှင့် ကျွန်းစိုက်ခင်းများ
## သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ သစ်ထုတ်ရေးဌာန ပျဉ်းမနား(တောင်) သစ်ထုတ်ရေးဒေသ အောင်ချမ်းသာသစ်ဆိပ်သို့ရောက်ရှိပြီး သစ်ဆိပ်အတွင်း သစ်လုံးများ စနစ်တကျထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၂၁) သစ်စက် ကျွဲရှင်းသို့ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်၊ ခွဲစိတ်ပြီးသစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### အောင်မြင်ဖြစ်ထွန်း

ဆက်လက်၍ ဝန်ကြီးသည် နေပြည်တော်ရှိ တောင်ညိုကြိုးဝိုင်းအတွင်း ၂၀၀၈ခုနှစ် သီးခြားကျွန်းစိုက်ခင်း ၇၀၅ ဧက၌ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန အမှတ်(၅၂) သစ်စက်မရမ်းခုံ၌ သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ ခွဲစိတ်ပြီးသစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ရောက်ရှိစစ်ဆေး

ထို့နောက် ဝန်ကြီးသည် သစ်ထုတ်ရေးဌာန ပျဉ်းမနား(မြောက်) သစ်ထုတ်ရေးဒေသ ပန်းတင်သစ်ဆိပ်သို့ ရောက်ရှိစစ်ဆေးပြီး တောင်ညိုကြိုးဝိုင်းရှိ ၂၀၀၈ ခုနှစ် ကျွန်းစိုက်ခင်းဧက ၇၀၀၌ စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဩဂုတ်၂ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေနှင့် ညောင်ခါးရှည်ကျေးရွာ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျေးရွာသောက်ရေကန် ခြံစည်းရိုးကာရံ တပ်ဆင်နေမှုကို အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မကွေး တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ထားရှိမှု အခြေအနေကို ဇူလိုင်၂၆ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်သူက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# ကျေးရွာစာကြည့်တိုက်များ ရှင်သန်အောင်မြင်ရေး တွေ့ဆုံဆွေးနွေး

စစ်တွေ ဩဂုတ် ၂၁

စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကျော်ဦး၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးမြသန်းနှင့် တာဝန်ရှိသူများသည် ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်အောင်မြင်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဇူလိုင်၁၈ရက်က စပါးဆိပ်ကျေးရွာနှင့် ကျင်းကြီးကျေးရွာရှိ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲ
## မိုးကောင်းမြို့နယ်တွင် ကျင်းပ

မိုးကောင်း ဩဂုတ် ၂၁

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ၂၀၀၉ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန် တက်ရောက်အမှာစကား ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်မောင်ထွန်းက ငါးနှစ်အောက်ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေး၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ အိုင်အိုဒင်းချို့တဲ့သည့်ရောဂါများ ပပျောက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ (၀၀၁)

# ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါကာကွယ်ရေး ပညာပေး

*ကျောက်ပန်းတောင်း ဩဂုတ် ၂၁*

*ကျောက်ပန်းတောင်းမြို့နယ် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၃၀ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး စပါးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ လှကြိုင်က ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားပြီး ကျန်းမာရေးပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအုပ် ဆရာ ဆရာမကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။* (မြို့နယ်ကျန်းမာရေး)

# ကလိုရင်းဆေးခတ်

**တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ သွေးလွန်တုပ်ကွေး ကာကွယ်ရေးစီမံချက်အရ သောက်သုံးရေတွင်း၊ ရေကန်များအား ပိုးလောက်လမ်းများ မရှိစေရေးအတွက် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင် ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကော့သောင်းမြို့နယ်၌ကျင်းပ

*ကော့သောင်း ဩဂုတ် ၂၁*

*ကော့သောင်းမြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂၅ရက် နံနက် ၈ နာရီက ကော့သောင်းမြို့ (၉)မိုင်အကျဉ်းဦးစီးဌာနရှေ့၌ ကျင်းပသည်။*

*တက်ရောက်*

*သစ်ပင်စိုက်ပွဲတွင် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျင်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀ တက်ရောက်ကြသည်။*

*စိုက်ပျိုး*

*ထို့နောက် သစ်ပင်စိုက်ပျိုးပွဲတက်ရောက်လာကြသူများက သစ်တောဦးစီးဌာန၏ ပျိုးပင်များဖြစ်သော မဟော်ဂနီ၊ ပျဉ်းကတိုး၊ စိန်ပန်းကြီး၊ မဲဇလီ၊ ကုက္ကို၊ ခရေ စုစုပေါင်းအပင် ၂၄၀၀ကို စိုက်ပျိုးကြောင်း သိရသည်။* (ယာပုံ) (ခရိုင် ပြန်/ဆက်)

22-8 (10).pmd 1 8/22/2009, 1:36 AM

# Green Hotel Standard ဆုများ ပေးအပ်ချီးမြှင့်ပွဲနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေး စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော Green Hotel Standard ဆုများ ပေးအပ်ချီးမြှင့်ပွဲနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေး စာတမ်းဖတ်ပွဲ အခမ်းအနားကို ဩဂုတ်၁၇ရက် နံနက် ၉နာရီခွဲက နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန စုပေါင်းအစည်းအဝေး ခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကျူ၊ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီနှင့် မြန်မာနိုင်ငံ စားဖိုမှူးများအသင်းတို့မှ ဥက္ကဋ္ဌများ၊ စာတမ်းရှင်များ၊ Myanmar Green Hotel Standard ဆုရဟိုတယ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် **(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်မြင့်က အာဆီယံခရီးသွားလုပ်ငန်း စံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော Green Hotel Standard အတွက် လိုအပ်သည့် အင်္ဂါရပ်များကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က Green Hotel Standard ဆုရရှိကြသည့် ဟိုတယ်၁၀ခုကို ဆုများပေးအပ်ချီးမြှင့်သည်။

## ကြည့်ရှု

ယင်းနောက် ဝန်ကြီး၊ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဆုရဟိုတယ်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

## ဖြေကြား

ဆက်လက်၍ စာတမ်းဖတ်ပွဲကျင်းပရာ စုစုပေါင်း စာတမ်းခြောက်စောင်ကို စာတမ်းရှင်များက ဖတ်ကြားကြပြီး မေးမြန်းချက်များကို ဖြေကြားကြသည်။

## ဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီးက စာတမ်းများကို ဖြည့်စွက်ဆွေးနွေးပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

**သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးလက်လမ်းဘေးဝဲယာများတွင် ကျေးလက်နေပြည်သူများ အရိပ်ရစေရေးအတွက် အဖွဲ့ရုံးဝင်းအတွင်း ပျိုးထောင်ထားရှိသည့် အရိပ်ရဆီသပြေပင်များ မြေချစိုက်ပျိုးမှုကို ဇူလိုင် ၁ ရက်က လက်ထောက်အင်ဂျင်နီယာ ဒေါ်ချောစုဇံ ဦးဆောင်သည့်အဖွဲ့ဝန်ထမ်းများနှင့် ကျေးရွာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

# ဝက်လက်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်

ဝက်လက် ဩဂုတ် ၂၁

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ရွှေပြည်နှင့် ကျန်းမာရေးဆရာ ဆရာမများ၊ အမှတ်(၂) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ် ၁ရက် နံနက်၇နာရီက အမှတ်(၂)ရပ်ကွက်၌ တစ်အိမ်တက်ဆင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ်ပညာပေးဆွေးနွေးခြင်း၊ ပိုးလောက်လမ်းနှင့် ခြင်နှိမ်နင်းရေးတို့ကို ပညာပေးဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# စာကြည့်တိုက် ဖွံ့ဖြိုးရှင်သန်ရေး ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ စာငှားကတ်စနစ် ဖော်ဆောင်

ရန်ကုန် ဩဂုတ် ၂၁

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်ရေး အထောက်အကူပြုဆွေးနွေးပွဲကို ဩဂုတ် ၁၂ရက် မွန်းလွဲ ၁၂ နာရီခွဲက (၂၉) ရပ်ကွက် အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

## ဆွေးနွေးဟောပြော

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်လှလှဌေးက စာကြည့်တိုက် ဖွံ့ဖြိုးရှင်သန်ရေးအတွက် စာငှားကတ်စနစ်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ဆွေးနွေးပြောကြားပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင်များက ဆောင်ရွက်ထားရှိမှုများနှင့် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

# ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၁

ဆိပ်ကမ်းမြို့နယ်အတွင်းရှိကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့်စံ(၅)ချက်နှင့်ညီညွတ်သောစာကြည့်တိုက်များဖြစ်ပေါ်လာရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ကြူကြူကြိုင် ဦးဆောင်သောအဖွဲ့ ဩဂုတ် ၁၃ ရက်က ရဲရိပ်သာရပ်ကွက်၌ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

အခမ်းအနားတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းဌေးက စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းဆွေးနွေးပြီး**(အောက်ပုံ)**မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူကြိုင်က စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအတွက် စံ(၅)ချက်နှင့်ပြည့်စုံညီညွတ်ရေး၊ စာအုပ်စာစောင်များ စနစ်တကျ မှတ်ပုံတင်ထိန်းသိမ်းထားရှိရေးနှင့် စာငှားကတ်စနစ် ကျင့်သုံး၍ ရန်ပုံငွေ ထူထောင်ရေးတို့ကို ဟောပြောဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

# ခရမ်းမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) မှ ခရမ်းမြို့နယ် ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက ခရမ်းမြို့ ရွှေနန်းမြင့်မင်္ဂလာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂီတအစည်းအရုံးဝင် ဂီတပညာရှင်များ တက်ရောက်ကြသည်။

## အမှာစကားပြောကြား

အခမ်းအနားတွင် သဘာပတိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်က အမှာစကား ပြောကြားသည်။ ထို့နောက်ဥက္ကဋ္ဌ ဦးအောင်ကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ စောင်းဦးမျိုးညွန့်၊ အတွင်းရေးမှူး ဦးစိုးသိမ်း၊ ဘဏ္ဍာရေးမှူး ဦးအောင်ဘညို၊ စည်းရုံးရေးမှူး ဗုံ ဦးသိန်းစိုး၊ ပြန်ကြားရေးမှူး ဦးဇော်အောင် (ပန်သစ္စာ)၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးခင်ဇော်၊ ဒေါ်စပယ်နီ၊ ဒေါ်စုမြတ်ရှင်းသန့်၊ ဦးသန်းထွန်းနှင့် ဦးစည်သူမောင်တို့ပါဝင်သော မြို့နယ်ဂီတအစည်းအရုံး စည်းရုံးရေးကော်မတီကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး **(ဝဲပုံ)**ဂီတအစည်းအရုံး ရုံးခန်းဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# သက်ကြီးရွယ်အိုများအား ကျန်းမာရေး စောင့်ရှောက်မှုပေး

*မိုးညှင်း ဩဂုတ် ၂၁*

***မိုးညှင်းခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ သက်ကြီးရွယ်အိုများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးခန်းမ၌ ကျင်းပသည်။***

## *အလှူငွေများပေးအပ်*

***အခမ်းအနားတွင် မိုးညှင်းခရိုင်ပြည်သူ့ဆေးရုံမှ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာဖြူဖြူလွင်၊လက်ထောက်ဆရာဝန် ဒေါက်တာဖြူလေးဝေနှင့် ကျန်းမာရေး ဆရာမများက အဘိုးအဘွားများအား သွားနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ပေးခဲ့ကြပြီး အဘိုးအဘွားများအား အလှူငွေများ ပေးအပ်ကြသည်။***

*(မြို့နယ် ပြန်/ဆက်)*

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြစ်ကြီးနားမြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့အစည်းများ၊ ရပ်ကွက်နေ ပြည်သူများစုပေါင်း၍ ယုဇနရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖွားရီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ဖြူမာမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (စာပေနှင့်စာနယ်ဇင်း)

# ချစ်ကြည်ရေးခြေစမ်းပွဲ ဒုတိယပွဲစဉ်
## အရှေ့ဘင်ဂေါအသင်း အနိုင်ရရှိ

သတင်းမြင်ကွင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၁

**၂၀၀၉ ခုနှစ် စက်တင်ဘာ ၅ရက်တွင် စတင်ကျင်းပမည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲအကြို ခြေစမ်းပွဲအဖြစ် အိန္ဒိယကလပ် အရှေ့ဘင်ဂေါအသင်းနှင့် ပဲခူးတိုင်းကိုယ်စားပြု ဉဿာယူနိုက်တက်အသင်းတို့ ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ အရှေ့ဘင်ဂေါအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။**

**အရှေ့ဘင်ဂေါအသင်း - တစ်ဂိုး**
**ဉဿာယူနိုက်တက်အသင်း - ဂိုးမရှိ**

ပြီးခဲ့တဲ့ MNL Cup ပြိုင်ပွဲမှာ အဆင့်(၆)နေရာသာ ရရှိခဲ့လို့ လာမယ့် ပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ နိုင်ငံခြားသား နည်းစနစ်ဒါရိုက်တာကို ခန့်အပ်ထားပြီး နိုင်ငံခြားသား ကစားသမားတွေကိုလည်း ခေါ်ယူဖို့ စမ်းသပ်မှုတွေပြုလုပ်နေတဲ့ ဉဿာယူနိုက်တက်အသင်းအတွက်တော့ တတိယမြောက် နိုင်ငံတကာခြေစမ်းပွဲပဲဖြစ်ပါတယ်။

အရှေ့ဘင်ဂေါ အသင်းကတော့ ရန်ကုန်ယူနိုက်တက်ကို အနိုင်ကစားခဲ့တဲ့ လူစာရင်းထဲက ကွင်းလယ်ကစားသမားဟာမက်ဂျော့ကို အနားပေးထားတာကလွဲရင် ဘရာဇီးတိုက်စစ်မှူး အက်မီဆင်၊ ဆွစ်ဇာလန်ကစားသမား ဘာဂါ၊ အာဂျင်တီးနားတိုက်စစ်မှူး ဆီဘာစတန်တို့နဲ့ လူစုံပါဝင်ခဲ့ပါတယ်။ အရှေ့ဘင်ဂေါအသင်းဟာ အက်မီဆင်၊ ဆီဘာစတန်တို့ရဲ့ တိုက်စစ်အားနဲ့ပဲ အဓိကထိုးဖောက်တိုက်စစ်ဆင်ခဲ့ပါတယ်။

ဉဿာယူနိုက်တက် အသင်းဟာ အရှေ့ဘင်ဂေါနဲ့ ယှဉ်ကစားဖို့ကြိုးစားခဲ့ပြီး တောင်ပံတွေက အဓိကတိုက်စစ်ဆင်ခဲ့ပါတယ်။ ဒါပေမယ့် ကွင်းလယ်နဲ့ ရှေ့တန်း ချိတ်ဆက်ရာမှာ အားနည်းချက်တွေရှိခဲ့လို့ ဉဿာယူနိုက်တက် တိုက်စစ်အားပျော့ခဲ့ရပါတယ်။ တိုက်စစ်မှူး ပီတာ အပိုင်ကန်သွင်းခွင့် နှစ်ကြိမ်ရခဲ့ပေမယ့် အရှေ့ဘင်ဂေါ ဂိုးသမား ကာကွယ်နိုင်ခဲ့ပါတယ်။ အရှေ့ဘင်ဂေါအသင်းဟာ ညာခြမ်းကနေ တွဲလုံးတွေနဲ့ ထိုးဖောက်ခဲ့ပြီး ပွဲအစမှာ အက်မီဆင် အပိုင်ကန်သွင်းပေမယ့် ဉဿာယူနိုက်တက် ဂိုးသမား ဘူကာ ကာကွယ်နိုင်ခဲ့လို့ စောစီးစွာ ဂိုးမပေးခဲ့ရတာပါ။ အရှေ့ဘင်ဂေါအသင်း အတွက် အနိုင်ဂိုးကိုတော့ ၃၃မိနစ်မှာ တိုက်စစ်မှူး ဆီဘာစတန်က လှလှပပ ခေါင်းတိုက်သွင်းယူခဲ့တာ ဖြစ်ပါတယ်။

### ဒုတိယပိုင်း

ဒုတိယပိုင်းမှာကျော်သက်ဦး၊ ကျော်ဖြိုးဦးနဲ့ အောင်လတ်သူတို့ ဝင်လာလို့ ဉဿာယူနိုက်တက် ကစားပုံ ပိုကောင်းလာပြီး အရှေ့ဘင်ဂေါဘက်ကို ဖိအားပေးနိုင်ခဲ့ပါတယ်။ ၇၆မိနစ်မှာ လှထွန်းအောင် အပိုင်ကန်ခွင့်ရပေမယ့် အရှေ့ဘင်ဂေါဂိုးသမား ကာကွယ်နိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဉဿာယူနိုက်တက်အသင်းဟာ လူအပြောင်းအလဲတွေ လုပ်ခဲ့တာကြောင့် ဒုတိယပိုင်း အစကလို အရှေ့ဘင်ဂေါဘက်ကို ဖိအားမပေးနိုင်တော့ပါဘူး။ ပွဲပြီးခါနီးမှာ ဉဿာယူနိုက်တက်အသင်း ချေပဂိုးရဖို့ အခွင့်အရေးရခဲ့ပေမယ့် ဖော်ဇင်ထက်ရဲ့ ပယ်နယ်တီစည်းထိပ်ကနေ ကန်သွင်းချက် တိုင်ထိထွက်သွားလို့ နစ်နာခဲ့ရပါတယ်။

အရှေ့ဘင်ဂေါအသင်းဟာ ချစ်ကြည်ရေးခြေစမ်းပွဲ နောက်ဆုံးပွဲစဉ် အဖြစ် ဩဂုတ်၂၃ရက်မှာ မကွေး F.Cနဲ့ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။

### ယနေ့ပွဲ

**(သုဝဏ္ဏကွင်း)**
Delta United F.C- ဧယျာဝတီရွှေမြေ F.C

**ဉဿာ ယူနိုက်တက်အသင်းနှင့် အရှေ့ဘင်ဂေါအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။**
(မြန်မာ့အလင်း)

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ဆိုးကျိုးများ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၀ရက် နံနက်ပိုင်းက အထက (၃) ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်အောင်ကို ဟောပြောစဉ်။ (၁၇၁)

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံး/ထွက်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၂၁

၂၀၀၉ခုနှစ် တတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံး/ထွက်ပွဲစဉ်ကို ယနေ့ညနေ၄နာရီတွင် နေပြည်တော်ပျဉ်းမနား (ပေါင်းလောင်း)အားကစားကွင်း၌ ဆက်လက်ကျင်းပရာ (ကက)အုပ်စုမှ ပထမရရှိသော ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် (ဂဂ)အုပ်စုမှ ဒုတိယရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

### ယှဉ်ပြိုင်မည်

ဩဂုတ်၂၂ရက် ပွဲစဉ်တွင် (ခခ) အုပ်စုမှပထမရရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် (ဃဃ)အုပ်စုမှ ဒုတိယရရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့ ပြန်လည်ဖွဲ့စည်းမည်

ရန်ကုန် ဩဂုတ် ၂၁

*မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့ကို အမှတ်(၅၀) ရွှေတောင်ကြားလမ်း ဓာတ်လမ်းရုပ်ရှင် အသံခန်းမ (ရုပ်ရှင်မြှင့်တင်ရေး) မြန်မာ့ရုပ်ရှင်လုပ်ငန်း၌ အခြေခံအလွှာအလိုက် ပြန်လည်ဖွဲ့စည်းမည်ဖြစ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်နှင့်ဗီဒီယိုလောကသားများအားလုံး မပျက်မကွက်တက်ရောက်ရွေးချယ်ပေးနိုင်ရန် ဖိတ်ကြားထားသည်။*

*ရွေးချယ်မည့် အခြေခံအလွှာနှင့်နေ့ရက်၊ အချိန်အစီအစဉ်မှာ ပြဇာတ်/ရုပ်ရှင်နောက်ခံတေးဂီတပညာရှင်များအခြေခံအလွှာကို စက်တင်ဘာ ၃ရက် နံနက် ၉နာရီတွင်လည်းကောင်း၊ စက်မှုလက်မှုအခြေခံအလွှာကို စက်တင်ဘာ ၃ရက် မွန်းတည့် ၁၂နာရီတွင်လည်းကောင်း၊ တည်းဖြတ်မှတ်တမ်းအခြေခံအလွှာကို စက်တင်ဘာ ၃ရက် ညနေ ၃နာရီတွင်လည်းကောင်း၊ ဗီဒီယိုအခြေခံအလွှာကို စက်တင်ဘာ ၄ရက် နံနက် ၉နာရီတွင်လည်းကောင်း၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းအခြေခံအလွှာကို စက်တင်ဘာ ၄ရက် မွန်းတည့် ၁၂နာရီတွင်လည်းကောင်း၊ ဒါရိုက်တာအခြေခံအလွှာကို စက်တင်ဘာ ၄ရက် ညနေ ၃နာရီတွင်လည်းကောင်း၊ အဓိက ဇာတ်ဆောင်အခြေခံအလွှာကို စက်တင်ဘာ ၅ရက် နံနက် ၉နာရီတွင်လည်းကောင်း၊ အုပ်ချုပ်၊ ဖြန့်ချိ၊ ပြသ အခြေခံအလွှာကို စက်တင်ဘာ ၅ရက် မွန်းလွဲ ၁နာရီတွင်လည်းကောင်း၊ ထုတ်လုပ်သူများအခြေခံအလွှာကို စက်တင်ဘာ ၆ရက် နံနက် ၉နာရီတွင်လည်းကောင်း၊ ဇာတ်ပို့၊ ဇာတ်ရံအခြေခံအလွှာကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။*

*(သတင်းစဉ်)*

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၈-၂၀၀၉**
**(စနေနေ့)**

**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ "ခန္ဓာငါးပါး" တရားတော် ဆရာတော် အရှင်ဇဝန (မေတ္တာရှင်)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၁၅)
၈:၃၀ Global Panorama ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ
၉:၁၅ Sports World(King Fisher East Bengal Vs Yangon United F.C)
၉:၄၅ Activities in the City ပန်းချီဆရာကြီး ဦးဘကြည်အား အနုပညာ ချီးမြှင့်ပွဲ
၉:၅၀ လှပကြော့ရှင်း ပွဲတင့်စေရာ စိုးစိုးဖက်ရှင်မှာ
၁၀:၁၀ သစ်သီးဝလံ ပေါပြည့်ဝေဆာ တို့မြေမှာ(ကျွဲကောသီး)
၁၀:၂၀ သွားမယ်စားမယ် (Sakura JAPANESE & KOREAN RESTAURANT)
၁၀:၅၅ အမျိုးသမီးများနှင့်ဆိုင်သော အကြော၊အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၁) ဒေါက်တာ ပန်ဒိုရာ အောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာချစ်သုဝေ
၁၁:၂၀ အနုပညာမိုးကောင်းကင်
၁၁:၄၀ အရည်အသွေးတို့၏ အစပထမ
၁၁:၅၀ အင်တာနက်လမ်းညွှန် (it Cyber Cafe)
၁၂:၁၀ **ခေတ်နှင့်အညီ** ဇော်၊ ဝင်းနိုင်(အနုပညာ)၊ စတားကောင်းထက်၊ချစ်လူလူ၊ သဲသဲ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၂:၃၅ JICA Myanmar ၏ မေတ္တာကွန်ရက်များဆီသို့.... (အပူပိုင်းဇုန်ကျေးလက်ရေရရှိရေး နည်းပညာ စီမံကိန်း) (ဆင်လူးအိုင်ကျေးရွာ)
၁:၀၀ "ခန္ဓာငါးပါး" တရားတော် ဆရာတော် အရှင်ဇဝန(မေတ္တာရှင်)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (Raining Season Fashion)
၃:၃၀ Activities in the City ပန်းချီဆရာကြီး ဦးဘကြည်အား အနုပညာချီးမြှင့်ပွဲ
၃:၄၀ လှပကြော့ရှင်း ပွဲတင့်စေရာ စိုးစိုးဖက်ရှင်မှာ
၄:၀၀ သစ်သီးဝလံ ပေါပြည့်ဝေဆာ တို့မြေမှာ(ကျွဲကောသီး)
၄:၁၀ ဆည်မြောင်းရဲ့အားမာန်.... ပြိုင်းချောင်းရေလှောင်တမံ
၄:၂၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် **သက်ကြီးစကား သက်ငယ်ကြား** မင်းခန့်ကျော်၊ စံလင်း၊ စိုးလင်းဦး၊ နှင်းနန္ဒာအေး၊ ထက်အိကလျာ၊ သဲသဲ၊ မီးမီး (ဒါရိုက်တာ-ကြည်သာ-ပွဲကြိုက်ခင်)
၄:၅၅ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပန်းဝတ်မှုန်ထုတ်လုပ်ရေး)
၅:၂၀ တေးဂီတအစီအစဉ်
၅:၃၅ အရည်အသွေးတို့၏ အစပထမ
၅:၄၅ လေလှိုင်းမှ ဖြေကြား ပရိသတ်များ အမေးစကား
၆:၀၀ MRTV-4 သတင်း
၆:၂၀ သွားမယ်စားမယ် (Sakura JAPANESE & KOREAN RESTAURANT)
၆:၄၅ အနုပညာမိုးကောင်းကင်
၇:၀၀ Fashion Music Festival (Raining Season Fashion)
၇:၄၅ အင်တာနက်လမ်းညွှန် (it Cyber Cafe)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ပန်းချီပြခန်း (Green Hearts Environment Art Exhibition)
၈:၅၅ လေလှိုင်းမှ ဖြေကြား ပရိသတ်များ အမေးစကား
၉:၁၀ ဝါးယင်းလိပ်ရဲ့ ယင်းပန်းချီအလှ
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၁၅)
၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁:၄၅ အမျိုးသမီးများနှင့်ဆိုင်သော အကြော၊အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၁) ဒေါက်တာ ပန်ဒိုရာ အောင်ကြီး၊ တင်မိုးလွင်၊ ရတနာခင်၊ ဒေါက်တာချစ်သုဝေ
၁၂:၁၀ **ခေတ်နှင့်အညီ** ဇော်၊ ဝင်းနိုင်(အနုပညာ)၊ စတားကောင်းထက်၊ ချစ်လူလူ၊ သဲသဲ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၂:၂၀ ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၁၂:၄၀ သဘာဝကပေးတဲ့ အကျိုးအာနိသင် **သက်ကြီးစကား သက်ငယ်ကြား** မင်းခန့်ကျော်၊ စံလင်း၊ စိုးလင်းဦး၊ နှင်းနန္ဒာအေး၊ ထက်အိကလျာ၊ သဲသဲ၊ မီးမီး (ဒါရိုက်တာ-ကြည်သာ-ပွဲကြိုက်ခင်)
၁:၀၀ အစီအစဉ်ပြီး

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈:၂၅ | Wigan-Man Utd | ESPN (Live) |
| | Arsenal-Portsmouth | STAR SPORTS (LIVE) |
| ၁၀:၃၀ | Birmingham-Stoke City | STAR SPORTS (SDD) |
| ၁၁:၀၀ | Man City-Wolverhampton | ESPN (SDD) |

# ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေဆက်လက်အားနည်းနေမည်

ရန်ကုန် ဩဂုတ် ၂၁

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော် (လေဆိပ်)တွင် ၂ဒသမ ၄၀လက်မ၊ နေပြည်တော်(ပျဉ်းမနား)တွင် ၀ ဒသမ ၂၃လက်မ၊ ခန္တီးမြို့တွင် ၄ ဒသမ ၁၀လက်မ၊ သံတွဲမြို့တွင် ၁ဒသမ ၈၉လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၇၇လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် မောင်တောမြို့တွင် ၁ ဒသမ ၅၈ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

**ဩဂုတ် ၂၂ ရက် ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေဆက်လက်အားနည်းနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ဩဂုတ်လ စတုတ္ထရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်(တိုင်းရုံး)ရန်ကုန်တိုင်းမှ ဖွင့်လှစ်သော ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၀၉)ဆင်းပွဲကို ဩဂုတ် ၂၁ရက်က ကျင်းပရာ အထွေထွေမန်နေဂျာ ဦးလှမြင့်အောင် အမှာစကားပြောကြားစဉ်။ (မြန်မာ့စီးပွားရေးဘဏ်)

## ခမ်းပတ်မြို့ သာယာလှပရေးဆောင်ရွက်

**ခမ်းပတ် ဩဂုတ် ၂၁**

ခမ်းပတ်မြို့ စည်ပင်မြို့ဝင်ဆိုင်းဘုတ်အနီး မြေယာရှင်းအလှပြုပြင်ခြင်း၊ ပန်းအလှပင်စိုက်ပျိုးခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းကို ဩဂုတ် ၅ ရက်က မြို့နယ်တာဝန်ခံ ဦးအေးမင်းထွန်း ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

## AFTA ကိစ္စရပ်များဆိုင်ရာ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၁**

စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် မကြာမီပေါ်ပေါက်လာတော့မည့် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ (ASEAN Free Trade Area AFTA)ဆိုင်ရာ ကိစ္စရပ်များကို သိရှိနိုင်စေရန်နှင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်စေရန်တို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသည့် AFTA ကိစ္စရပ်များဆိုင်ရာ ဟောပြောပွဲကို ဩဂုတ် ၂၂ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**မည်သူမဆို တက်ရောက်နိုင်**

ယင်းဟောပြောပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေက အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ၏ မြန်မာကုန်သွယ်မှုအပေါ် အကျိုးသက်ရောက်နိုင်မှုကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အာဆီယံစီးပွားရေး အသိုက်အဝန်းမှ အကောက်ခွန်နှုန်း လျှော့ချမှုများကိုလည်းကောင်း ဟောပြောကြမည်ဖြစ်၍ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သွယ်မှုလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းစည်းဝေး

**ရန်ကုန် ဩဂုတ် ၂၁**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုကော်မတီ လပတ်အစည်းအဝေးကို ဩဂုတ် ၁၉ရက်က ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစံသိန်းက အဖွင့်အမှာစကား ပြောကြားပြီး **(အောက်ပုံ)** အတွင်းရေးမှူး ဦးစောငွေက လပတ်အစီရင်ခံစာကို ဖတ်ကြားတင်ပြကာ ဘဏ္ဍာရေးမှူး ဦးဘိုကြီးနှင့် စာရင်းစစ် ဦးတင်ထွဋ်တို့က ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာ ဖတ်ကြားတင်ပြသည်။

**ပြန်လည်ဖြေကြား**

ထို့နောက် ရောဂါသုံးမျိုးစီမံချက်မှ စီမံချက်မန်နေဂျာ ဒေါက်တာနယ်လီသိန်း၊ ကမ္ဘာ့လူဦးရေ ရန်ပုံငွေမှ ဒေါက်တာ မောင်မောင်လွင်၊ ဒေါက်တာ အေးမြစံနှင့် ဦးရဲဝင်း၊ MANA / UNICEF မှ စီမံကိန်းအရာရှိ ဒေါက်တာဆွေဆွေအောင်တို့က လုပ်ငန်းဆိုင်ရာ စီမံကိန်းများကို တင်ပြကြပြီး ပြည်နယ်နှင့်တိုင်း မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌများက မိမိတို့ ပြည်နယ်နှင့်တိုင်း ဆောင်ရွက်ချက်များကို တင်ပြပြီး တင်ပြချက်များအပေါ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**အမှာစကားပြောကြား**

ဆက်လက်၍ သဘာပတိ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစံသိန်းက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။

(၁၁၃)

## ဆိုကရေးတီးပြိုင်ပွဲ မန္တလေး အောင်မြေသာစံ၌ ကျင်းပ

**မန္တလေး ဩဂုတ် ၂၁**

(၁၇)ကြိမ်မြောက် မန္တလေး အောင်မြေသာစံမြို့နယ် အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကို ဩဂုတ်၉ရက် နံနက် ၉ နာရီက မန္တလေး၊ ပန်တျာကျောင်း လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်ဥက္ကဋ္ဌဦးအောင်နိုင်က အမှာစကား ပြောကြားသည်။ ထို့နောက် သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မောင်းက စည်းကမ်းချက်များကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများကို ကဏ္ဍအလိုက် နေ့ချင်းပြီး ပြုလုပ်သည်။

**ဖျော်ဖြေ**

ထို့နောက် ညနေ ၃ နာရီတွင် ကဏ္ဍအလိုက် ပြိုင်ပွဲဆုရရှိသူများအား ဆုများကို မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်သည်။ ဆက်လက်၍ ပြိုင်ပွဲ ပထမဆုရရှိသူများက ဧည့်ခံဖျော်ဖြေကြောင်း သိရသည်။ (၀၉၀)

## သိန်းနီမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်

**သိန်းနီ ဩဂုတ် ၂၁**

၂၀၀၉ခုနှစ် လားရှိုးခရိုင် သိန်းနီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မိုးရာသီ အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲကို မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၁၀အုပ်စုတို့မှ အသင်း ၁၀ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

**အနိုင်ရဗိုလ်စွဲ**

မြို့နယ်ဥက္ကဋ္ဌဖလားနောက်ဆုံး ဗိုလ်လုပွဲကို ဇူလိုင် ၃၀ရက် ညနေ ၃နာရီတွင် မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ရပ်ကွက်(၃)ဘောလုံးအသင်းက ဝိန်းဆာ ကျေးရွာအုပ်စု ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

**ဆုပေးပွဲကျင်းပ**

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲ ဆက်လက်ကျင်းပရာ တစ်ဦးချင်း အကောင်းဆုံးဆုရသူ အားကစားသမားများနှင့် ဒုတိယဆုရ ဝိန်းဆာ ကျေးရွာအုပ်စုဘောလုံးအသင်းအား မြို့နယ်အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများက ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ချီးမြှင့်ပေးအပ်ပြီး အနိုင်ရဗိုလ်စွဲသွားသော ရပ်ကွက်(၃) အသင်းအား ငွေသားနှင့် တံခွန်စိုက်ဖလားကြီးကို မြို့နယ်ဥက္ကဋ္ဌ ဦးသန့်ဇင်က ပေးအပ်ချီးမြှင့်သည်။

**(မြို့နယ် ပြန်/ဆက်)**

## ယာဉ်နှင့် လမ်းစည်းကမ်း

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အနေးယာဉ်ဆိုက်ကားနင်းသားများ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာ ဆောင်ရွက်ရေးအတွက် ပညာပေးဆွေးနွေးခြင်း အခမ်းအနားကို ဩဂုတ် ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦး ရှင်းလင်းပြောကြားစဉ်။ (မြို့နယ်စည်ပင်)

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ရန်ကုန်ဂေါက်အသင်း၌ တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း) ၌ ဦးနိုင်နိုင်လင်း(Srixon) သည် ဩဂုတ်၂၀ရက် ညဖနာရီ၄၅မိနစ်တွင် ကစားဖော်များဖြစ်သော ဦးလှဦး (ညောင်ပင်လေးဈေး)၊ ဒေါ်မိမိခိုင်၊ ဒေါ်ရီရီခင် (တောင်ကြီး)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၄)၊ ကိုက် ၁၆၀ အကွာ၌ Srixon No-4 ဘောလုံးကို Srixon Iron(7) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

**(ရန်ကုန်ဂေါက်အသင်း)**

## မြင်းခြံမြို့ အေးမြသီတာဈေး ဈေးအတွင်း ခြင်ဆေးဖျန်း

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးမြင့်လွင်၊ ဒုဦးစီးမှူး (ဈေး) ဦးမျိုးတင့်၊ ကျန်းမာရေးမှူး(၂)၊ ဦးတင်ဝင်းလှိုင်နှင့် ဝန်ထမ်းများ ဇူလိုင် ၂၃ရက်က သွေးလွန်တုပ်ကွေး ကာကွယ်ရေး အေးမြသီတာဈေးရှိ ဈေးရုံ၁၇ရုံ၊ အပြင်ဘက်တိုက်တန်းများနှင့် ရေမြောင်းများတွင် ခြင်ဆေးဖျန်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

## ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ သာမန်တုပ်ကွေးရောဂါနှင့် ယခုကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဘယ်လိုခွဲခြားသိနိုင်ပါသလဲ။

ဖြေ။ ။ သာမန်အားဖြင့် ရောဂါလက္ခဏာချင်း ဆင်တူပါသည်။ ရာသီတုပ်ကွေးရောဂါသည် ရာသီအလိုက် မကြာခဏ ဖြစ်ပေါ်နေသဖြင့် လူများတွင် ကိုယ်ခံစွမ်းအား အတိုင်းအတာတစ်ခုအထိရှိနေပြီး၊ ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှု ရှိသူများတွင် ဖြစ်ပွားပါက ပြင်းထန်ပြီး အသက်ဆုံးရှုံးမှု ဖြစ်နိုင်ပါသည်။

သို့သော် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ပိုးအသစ်ဖြစ်သောကြောင့် မည်သူ့တွင်မှ ကိုယ်ခံစွမ်းအားမရှိပါ။ ထို့ကြောင့် ရောဂါလက္ခဏာ ပိုမိုပြင်းထန်ပြီး အသက်အရွယ်မရွေး လူအားလုံးတွင်ဖြစ်နိုင်ကာ ရာသီတုပ်ကွေးကဲ့သို့ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် အသက်ဆုံးရှုံးမှု များပြားနိုင်ပါသည်။ ဓာတ်ခွဲ စမ်းသပ်ခြင်းဖြင့်သာ ရောဂါခွဲခြားသိရှိနိုင်ပါသည်။

မေး။ ။ တုပ်ကွေးရောဂါဖြစ်သူတိုင်း ဤရောဂါပိုးအား စစ်ဆေးရန် လိုအပ်ပါသလား။

ဖြေ။ ။ တုပ်ကွေးရောဂါဖြစ်လျှင် နီးစပ်ရာဆေးခန်း၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနသို့ ပြသရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုအပ်ပါက ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# အပူချိန်တိုင်းစနစ်တီထွင်သူ အင်ဒါးစ်ဆဲလ်စီးရပ်စ်

၁၇၀၁-၁၇၄၄

**ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ**

အပူချိန် ဒီဂရီတိုင်းတာမှုစနစ်တစ်ရပ်ကို တီထွင်သူ အင်ဒါးစ်ဆဲလ်စီးရပ်စ်ကို ဆွီဒင်နိုင်ငံ၌ ၁၇၀၁ခုနှစ်က မွေးဖွားခဲ့သည်။ သူသည် ၁၇၃၀ပြည့်နှစ်တွင် အပ်ဆာလာ တက္ကသိုလ်၌ နက္ခတ္တဗေဒ ပါမောက္ခအဖြစ် ဖခင်၏ အရိုက်အရာကို ဆက်ခံသည်။ ၁၇၄၁ ခုနှစ်တွင် ဆွီဒင်နိုင်ငံ၏ ပထမဆုံးနက္ခတ်တာရာလေ့လာရေး အဆောက်အအုံကို သူ ထူထောင်သည်။



အင်ဒါးစ်ဆဲလ်စီးရပ်စ်

ထိုခေတ်ထိုအခါက ကမ္ဘာမြေကြီး၏ ပုံပန်းသဏ္ဍာန်မည်သို့ရှိသည်ကို ဆုံးဖြတ်ရန် ဝေဝါးနေသည့်အခါ ဖြစ်သည်။ ကမ္ဘာကြီးသည် လုံးဝ ဝန်းဝိုင်းခြင်း မရှိကြောင်း နယူတန်က အဆိုပြုထားသည်။ သို့သော် ဝင်ရိုးစွန်းအပိုင်းတွင် ပိုမိုပြားသည်ဟု သူက ယူဆသည်။

၁၇၃၅ ခုနှစ်တွင် ဆွီဒင် စူးစမ်းလေ့လာရေးအဖွဲ့ တစ်ဖွဲ့က တောင်အမေရိကတိုက် အီကွေဒေါ်နိုင်ငံဆီသို့ ရေကြောင်းခရီးဆန့်ရင်း စူးစမ်းတိုင်းတာသည်။ အခြားစူးစမ်းရေးအဖွဲ့က ဆွီဒင်နိုင်ငံမြောက်ပိုင်းသို့ ထွက်ခွာသည်။ ထိုအဖွဲ့တွင် ဆဲလ်စီးရပ်စ်တစ်ဦးတည်းသာလျှင် တကယ့်နက္ခတ္တဗေဒပညာရှင်ဖြစ်သည်။ ယင်းတိုင်းတာ တွေ့ရှိချက်များမှာ ကမ္ဘာကြီး၏ ဝင်ရိုးစွန်းဒေသများက ပြားသယောင် ဖော်ပြပါရှိသည်။

ပြင်သစ်နိုင်ငံမှ မြေပုံဆွဲပညာအရတိုင်းတာချက်များတွင် ကမ္ဘာကြီးသည်လုံးသော်လည်း ဝင်ရိုးစွန်းများ၌ ရှည်မျောကြောင်း ဖော်ပြပါရှိသည်။

အင်ဒါးစ်ဆဲလ်စီးရပ်စ်သည် နက္ခတ္တဗေဒပညာရှင်တစ်ဦးသာမဟုတ်၊ ရူပဗေဒပညာရှင် တစ်ဦးလည်း ဖြစ်သည်။ မြောက်ဝင်ရိုးတန်းအနီး ကောင်းကင်၌ ညအခါတွေ့မြင်ရသည့် အနီ၊ အစိမ်းရောင်တန်းများက ကွန်ပါလတ်တံများအပေါ် ဩဇာသက်ရောက်ကြောင်းကို သူနှင့်လက်ထောက်တစ်ဦးတို့က စူးစမ်းဖော်ထုတ်နိုင်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ သူ့ကိုမျက်မှောက်ခေတ်တိုင် ထင်ပေါ်ကျော်ကြားအောင် လုပ်ပေးသည့်အရာမှာ ဆဲလ်စီးရပ်စ် အပူချိန်ဒီဂရီတိုင်းတာမှု စနစ်ပင် ဖြစ်ပါသည်။ သူတီထွင်သည့် ယင်းစနစ်တွင် ရေခဲမှတ်ကို သုညဒီဂရီ ဆဲလ်စီးရပ်စ်၌ ထားရှိပြီး ရေဆူမှတ်ကို ၁၀၀ ဒီဂရီ ဆဲလ်စီးရပ်စ်တွင် သတ်မှတ်ပေးထားသည်။ သိပ္ပံဆိုင်ရာလုပ်ငန်းအားလုံးကိုပင် အပူချိန် တိုင်းတာရာ၌ ဆဲလ်စီးရပ်စ်၏စနစ်ကို အသုံးပြုလျက်ရှိသည်။

အင်ဒါးစ်ဆဲလ်စီးရပ်စ်သည် အသက် ၄၂နှစ်အရွယ် ၁၇၄၄ခုနှစ်တွင် ကွယ်လွန်သွားသည်။ မပြီးဆုံးသည့် သုတေသနစီမံကိန်းအများအပြားကို ချန်ထားရစ်ခဲ့သည်။ ။ **ကိုးကား-အင်တာနက်**

**တိုး ရေးသားသည်**

**ထိုခေတ်ထိုအခါက ကမ္ဘာမြေကြီး၏ ပုံပန်းသဏ္ဍာန် မည်သို့ရှိသည်ကို ဆုံးဖြတ်ရန် ဝေဝါးနေသည့်အခါဖြစ်၊ ကမ္ဘာကြီးသည် လုံးဝ ဝန်းဝိုင်းခြင်း မရှိကြောင်း နယူတန်က အဆိုပြုထား၊ သို့သော် ဝင်ရိုးစွန်းအပိုင်းတွင် ပိုမိုပြားသည်ဟု သူကယူဆ။**

**ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား**

## ကမ္ဘာ့အသေးငယ်ဆုံး မော်တော်ယာဉ်ကလေး

*အသက် ၄၇နှစ်အရွယ်ရှိ အင်ဂျင်နီယာ ပယ်ရီဝက်ကင်စ်က တီထွင်ထုတ်လုပ်ထားခြင်း ဖြစ်သည်။ အရှည် ၆ပေ၊ အမြင့် ၃၉လက်မနှင့် အကျယ် ၂၆လက်မသာရှိသည့် မော်တော်ယာဉ်ဖြစ်သည်။ ဖန်သားမျှင်များ၊ သံမဏိများဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ ၁နာရီ မိုင် ၄၀နှုန်း မောင်းနှင်နိုင်ပြီး ကားတစ်စီးလုံး အလေးချိန်မှာ ကီလို ၁၅၀ဖြစ်သည်။ ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ စမ်းသပ်မောင်းနှင်ပြသခဲ့ရာ ကမ္ဘာပေါ်၌ အသေးငယ်ဆုံး မော်တော်ယာဉ်အဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ (အပေါ်ပုံ) (အင်တာနက်)*

## လေစွမ်းအင်သုံး ကမ္ဘာ့အမြန်ဆုံး မော်တော်ယာဉ်

*ဗြိတိသျှအင်ဂျင်နီယာ ရစ်ချက်ဂျန်ကင်းစ် တီထွင်ထုတ်လုပ်ထားသည့် လေစွမ်းအင်သုံး မော်တော်ယာဉ်သည် ၁ နာရီလျှင် ၁၂၆ဒသမ၁မိုင်နှုန်း မောင်းနှင်နိုင်သည်။ လေယာဉ်အင်ဂျင်နှင့် ဖော်မြူလာဝမ်းပြိုင်ကားအင်ဂျင်ပုံစံများကို မှီငြမ်းကာ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ယင်းမော်တော်ကားကို ၁၀နှစ်ကြာ တီထွင်ခဲ့ခြင်းဖြစ်ပြီး နည်းပညာအများအပြား ထည့်သွင်းထားသည်။ ယခင်က ကမ္ဘာ့အမြန်ဆုံး လေစွမ်းအင်သုံး မော်တော်ကား၏ မောင်းနှင်နိုင်မှုနှုန်းမှာ ၁ နာရီ ၁၁၆မိုင်နှုန်းဖြစ်သည်။ ကမ္ဘာပေါ်၌ လေစွမ်းအင်သုံး မော်တော်ယာဉ်များအနက် အမြန်ဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။* ***(အောက်ပုံ)*** ***(အင်တာနက်)***

## ခြေနင်းလန်ချားယာဉ်ဖြင့် ခရီးမိုင် အရှည်ဆုံးသွားနိုင်သူ

*ဗြိတိန်နိုင်ငံမှ စီမွန်အက်ကင်းနှင့် ဟူလ်ဘတ်တို့နှစ်ဦးသည် ခြေနင်းသွားရသော လန်ချားဖြင့် ခရီးမိုင် ၆၂၃မိုင်ကို သွားရောက်ခဲ့ရာ ကမ္ဘာပေါ်၌ ခြေနင်းလန်ချားယာဉ်ဖြင့် ခရီးအဝေးဆုံး သွားနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။* ***(ယာပုံ)***

***(အင်တာနက်)***

**မောင်မောင်မြင့်ဆွေ စုစည်းတင်ပြသည်**

**ဘဝအမောပြေ**

## ကောင်းလိုက်တဲ့ကုထုံး ....

**လန်ဒန်မြို့ ပုဂ္ဂလိကဆေးရုံတစ်ရုံတွင် ယာဉ်မတော်တဆမှုဖြင့် ရောက်ရှိလာသော လူနာတစ်ဦးအား ဆရာဝန်က ကုသမှုအခြေအနေကို လူနာ၏ အစ်ကိုဖြစ်သူအား ရှင်းပြသည်-**

**ဆရာဝန်** ။ ။ ဒဏ်ရာက အတော်လေးပြင်းထန်တယ်။

**လူနာ၏အစ်ကို**။ ။ ဟုတ်ကဲ့။

**ဆရာဝန်** ။ ။ ဘယ်ဘက်ခြေထောက်ရဲ့ဒူးအောက်ပိုင်းကတော့ ကြေမွသွားတယ်...

**လူနာ၏အစ်ကို**။ ။ ဟုတ်လား။ ကြိုးစားပြီး ကုသပေးပါ ဒေါက်တာ။

**ဆရာဝန်** ။ ။ မလွှဲမသွေ ဘယ်ဘက်ခြေထောက်ကို ဒူးက ဖြတ်ပစ်ရမယ်။

**လူနာ၏အစ်ကို**။ ။ ဟုတ်လား ....ကျွန်တော့်ညီတော့ ဒုက္ခိတဖြစ်ပါပြီဗျာ...

**ဆရာဝန်** ။ ။ စိတ်မပူပါနဲ့...ခြေနှစ်ဖက်လုံး ညီသွားအောင် ကောင်းတဲ့ဘက်ကခြေထောက်ကိုပါ ဖြတ်ပေးလိုက်ပါ့မယ်။

**လူနာ၏အစ်ကို**။ ။ **"ဗျာ"**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နိုင်ငံသားစိစစ်ရေး အမှတ် ၈/ဆဖန(နိုင်) ၀၁၆၀၉၂ ကိုင်ဆောင်သူ ဦးဝင်းမော်(ခ)ဦးသန်းအောင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

နိုင်ငံသားစိစစ်ရေးအမှတ် ၈/ဆဖန(နိုင်) ၀၁၆၀၉၃ ကိုင်ဆောင်သူ ဒေါ်နွယ်နွယ်စန်း (ခ)ဒေါ်ညိုညိုစန်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၃၉၄၅၂ Bash -ara 110 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင် ၁၂/ကမန(နိုင်) ၀၂၀၂၇၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ ပြင်ဦးလွင်မြို့။

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၃၄၈၃ Dagon (DG.02) S/W (4 x 2) R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင်ဦး ၇/ရတန(နိုင်) ၀၈၃၃၇၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (အရှေ့ပိုင်းခရိုင်ရုံး)၊ ရန်ကုန်မြို့။

## မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ထ/၄၉၆၅ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဝင်း ၉/မနမ(နိုင်) ၀၀၆၈၃၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့။

## မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၂၈၅၅ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်အောင် ၉/မနမ(နိုင်)၀၅၇၈၃၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့။

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၈၈၆၃ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုလှိုင် ၉/မနမ(နိုင်)၀၉၃၅၇၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့။

## ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မဇရာရွှေကြည် နိုင်ငံသားစိစစ်ရေးကတ် HLG - ၀၄၁၈၃၉ ကိုင်ဆောင်သူသည် ကျွန်တော်ခွင့်မလွတ်နိုင်သော ကိစ္စများကို အကြိမ်ကြိမ်ကျူးလွန်ပြီး ကျွန်တော်၏ ဆိုဆုံးမမှုများကို လက်မခံသည့်အပြင် ၂၆-၃-၂၀၀၉ရက်တွင် မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ တရားဝင်ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုနိုင်ဇော်လတ်**
**၁၄/ဟသတ(နိုင်)၀၄၄၂၆၂**
**အမှတ် ၈၈/က၊ နတ်မော်လမ်း၊တာကလေးရပ်၊ဟင်္သာတမြို့။**

## အမည်မှန်

အဖ ဦးအားချင်တာ၏သမီး ကျိုင်းတုံမြို့ အထက(၂) နဝမတန်း (E)မှ မအားချီဖင်၏ အမည်မှန်မှာ မချင်ချီဝိုဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁-၁၉၉၆ဖြစ်ပါကြောင်း။ **မချင်ချီဝို။**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၆၆၀ Honda C-90 Custom cmm ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာငြိမ်း ၉/ပသက(နိုင်)၀၆၃၃၁၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့။**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၄၂၃၁၈ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဟိန်း ၉/ရမသ(နိုင်)၀၄၈၁၂၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ရမည်းသင်းမြို့။

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဗ/၄၃၈ မီဆူဘီရှီဖူဆိုထရပ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခင်ဝင်းကြည်(ခ)စိန်မွှေ့ ၁၃/လခန(နိုင်)၀၃၂၉၃၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ စစ်ကိုင်းမြို့။

# တိုင်းရင်းဆေးကုဌာန ဆေးခန်းဖွင့်ပွဲ ပုဂံမြို့သစ်၌ကျင်းပ

ညောင်ဦး ဩဂုတ် ၂၀

ညောင်ဦး(ပုဂံ)မြို့နယ် ပုဂံမြို့သစ်တွင် တိုင်းရင်းဆေးကုဌာန ဆေးခန်းခွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက်က ပုဂံမြို့သစ် ကျန်းစစ်သားရပ်ကွက် အဆိုပါရုံး အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးမြင့်စိုး၊ ခရိုင်တိုင်းရင်းဆေးမှူး ဦးထွေးမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆေးဝါးကုသ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ဝဲပုံ)** လူနာများကို ဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# ဒေသဖွံ့ဖြိုးတိုးတက်ရေး ဟင်္သာတခရိုင်၌ ညှိနှိုင်းစည်းဝေး

ဟင်္သာတ ဩဂုတ် ၁၆

**ဧရာဝတီတိုင်း ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၅ရက် မွန်းလွဲ ၁နာရီက ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ဆွေက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေး လုပ်ငန်းများ အခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက မိမိတို့ဌာန၊ အဖွဲ့အစည်းများအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ခရိုင်ဥက္ကဋ္ဌ ဦးလှဝေက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

## (၉၁)ကြိမ်မြောက် သွေးလှူ

ရန်ကုန် ဩဂုတ် ၂၁

မြစ်ငယ်မြို့ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ၊(ကျွမ်းကျင်-၅) ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးတင်မြင့် အလုပ်အမှတ်-၃၃၃ (လူမှုထူးချွန်ပထမဆင့်) **(အပေါ်ပုံ)** သည် ဩဂုတ် ၁၇ရက်က ရန်ကုန်မြို့ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် (၉၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။**(ကျန်းမာရေး)**

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ

ကျောက်ဆည် ဩဂုတ် ၁၃

မိုးရာသီ သစ်ပင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီကဦးစီးပြီး ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းတွင် ဩဂုတ် ၁၀ရက် နံနက် ၉ နာရီက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပသည်။ စိုက်ပျိုးပွဲတော်သို့ သစ်ပင်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အတွင်းရေးမှူး ဦးအောင်မြင့်၊ အဖွဲ့ဝင် မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်ငွေနှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မော်ဦးတို့က သီးပင်၊ စားပင်များ စိုက်ပျိုးပေးကြပြီး အထက(၁)မှ ကျောင်းသား ကျောင်းသူများက သစ်ပင်ပေါင်း ၂၃၈၀ ကျော်ကို တပျော်တပါး စိုက်ပျိုးကြသည်။

(ခရိုင် ပြန်/ဆက်)



## ကျောင်းကျန်းမာရေး သီတင်းပတ် မိုးကောင်း၌ ကျင်းပ

မိုးကောင်း ဩဂုတ် ၁၈

မိုးကောင်းမြို့နယ် ပညာရေးဌာနနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ မိုးကောင်းမြို့နယ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက် ၁၀နာရီက မိုးကောင်းမြို့ အထက (၂) ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက အမှာစကားပြောကြားသည်။

### ဆုများချီးမြှင့်

ဆက်လက်၍ အထက(၂)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးစိုးက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ရှင်းလင်းပြောကြားပြီးအာဟာရရက်သတ္တပတ်လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ မူလတန်းဆင့်တို့၌ ပထမ၊ ဒုတိယ၊တတိယ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

**ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့မှညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ဩဂုတ် ၇ရက်က ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း (တည်ဆောက်) ရေဦး-ဒွရွာ-ကင်ပွန်းခြံလမ်း မြေနီဂဝံခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

**မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပန်းခြံတွင် မြက်ချုံများ ရှင်းလင်းခြင်းနှင့် မြေခင်းအလှပြုပြင်ခြင်းကို ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မိုးသိန်း ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## အင်းတော်မြို့နယ်တွင် မိုးစပါး စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲကျင်းပ

*အင်းတော် ဩဂုတ် ၁၅*

*အင်းတော်မြို့နယ် ၂၀၀၉-၂၀၁၀ မိုးစပါး စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ပွဲကို ဩဂုတ် ၇ရက်က အင်းတော်မြို့နယ် စီးမော်ကျေးရွာ တောင်သူလယ်သမားကြီး ဦးခင်မောင်၏ ဆင်းဇကရီ-၃ စပါးမျိုး လေးဧကတွင် တောင်သူလယ်သမားကြီး၂၀က ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝဓာတ်မြေဩဇာတို့ကို စုပေါင်းကြဲပက်ကြသည်။*

### *တက်ရောက်*

*အဆိုပါ မိုးစပါးစုပေါင်းဓာတ်မြေဩဇာ ကြဲပက်ပွဲကို ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးအေးနိုင်နှင့် မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ၊ မော်လူးဒေသရှိ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စီးမော်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ တောင်သူလယ်သမား ၃၀ တို့ တက်ရောက်ကြသည်။ (၀၃၀)*

**ပြင် ဦး လွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော မြို့ပြ လမ်းများ အနက် ရွှေမြင်တင်လမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ဝင်းကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့သဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

## သမ္ဗန်စီး ခရီးသည်များနှင့် သက်ကယ်အကျီ

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်ဆိပ်ကမ်းမှ ထူးခြားသောမြင်ကွင်း။ ယခင်နှစ်များက တစ်ကြိမ်မျှ မတွေ့ခဲ့ရ။ စိတ်ဝင်စားသဖြင့် အနီးကပ်လေ့လာလိုက်သည်။ လိမ္မော်ရောင်အသက်ကယ်အကျီ ဝတ်ဆင်နေသည့် သမ္ဗန်စီးခရီးသည်များ။

စာမျက်နှာ ၇ ကော်လံ ၁ ●

သာယာလှပနေသော ရန်ကုန်မြို့ ဆူးလေဘုရားလမ်း၏ ရှင်းသန့်သော မြင်ကွင်း.....။

ဓာတ်ပုံမှတ်တမ်း
မောင်မောင်ထွေး(သတင်းစဉ်)

## ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် အရှိန်အဟုန်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
မောင်မောင်ထွေး (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု
ခင်သန္တာသိန်း (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၁

၁၇၅၅ ခုနှစ်တွင် မြို့သစ်အဖြစ်တည်ထောင်ခဲ့သည့် ရန်ကုန်မြို့၏ မြို့သက်တမ်းကား ရာစုနှစ်နှင့် ချီခဲ့ချေပြီ။

မြို့၏သန့်ရှင်းသာယာလှပမှု၊ လမ်း၊ တံတား၊ အဆောက်အအုံတို့ စနစ်တကျဖြင့် အကွက်အကွင်း ကောင်းမွန်မှု၊ ဆိပ်ကမ်းမြို့ပီပီ

စာမျက်နှာ ၃ ကော်လံ ၁ ✳

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ သတင်းစာကိုယ်စားလှယ်များထံသို့ တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့် အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။

22-8 (20).pmd 1 8/22/2009, 1:37 AM